# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၀၀)


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်း

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

၂၀၂၂ ခုနှစ် ၊ ဧပြီလ ၂၂ ရက်

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မိဘပြည်သူများခင်ဗျား**

နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ အစဉ်အဆက် တောင်းဆိုလာခဲ့တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ခိုင်ခိုင်မာမာအာမခံထားပြီး ဖြစ်ပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ ၇၅ နှစ်ကာလကြာပြီဖြစ်တဲ့ လွတ်လပ်ရေးရဲ့ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



**နေပြည်တော် ဧပြီ ၂၂**

(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမဥ္ဇကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ခင်းကျင်းပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။




## ပြည်ထောင်စုသားအားလုံးတို့၏ဆန္ဒ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး ဖော်ဆောင်

တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်း ဆောင်များနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖိတ်ခေါ်လိုက်ပြီဖြစ်ရာ ငြိမ်းချမ်းရေးဆန္ဒအမှန်ဖြင့် ရိုးသားပွင့်လင်းစွာ ဆွေးနွေးမှုများမှသည် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအထိ မျှော်မှန်းနိုင်ကြပြီ ဖြစ်သည်။

လာမည့်နှစ်တွင် ၇၅ နှစ် ပြည့်မည်ဖြစ်သည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် မရေးမနှောင်းမှာပင် အယူဝါဒအမျိုးမျိုး၊ ဦးတည်ချက်အမျိုးမျိုး၊ တောင်းဆိုချက်အမျိုးမျိုးတို့ဖြင့် လက်နက်ကိုင်ပဋိပက္ခများ နေရာဒေသအနှံ့အပြားတွင် ပေါ်ပေါက်ခဲ့ရာ ယနေ့တိုင် မချုပ်ငြိမ်းနိုင်သေးဘဲ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဗြိတိသျှကိုလိုနီလက်အောက်တွင် သွေးခွဲအုပ်ချုပ်မှုအရ တိုင်းရင်းသားများ၏ ပြည်နယ်ဒေသများမှာ ပြည်မနှင့် နှိုင်းယှဉ်ပါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ခဲ့ရသည့်အပြင် တိုင်းရင်းသားလူမျိုးများအကြားတွင်လည်း သံသယမျိုးစေ့များ ချထားခဲ့ကာ မယုံသင်္ကာစိတ်၊ မုန်းတီးစိတ်နှင့် ရန်ငြိုးရန်စအာဃာတတို့ ဖြစ်ပေါ်ကြီးထွားလာစေရန် နယ်ချဲ့တို့က ကြံစည်လုပ်ဆောင်ခဲ့ကြသည်။ ယင်းအကျိုးဆက်များက ဆယ်စုနှစ်များစွာ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်ရိုက်ခတ်ခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်မှုများအပေါ်တွင်လည်း များစွာထိခိုက်စေကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အလိုလားအတောင့်တဆုံးသောဆန္ဒမှာ တစ်နိုင်ငံလုံးတွင် ထာဝရငြိမ်းချမ်းရေး ရရှိရေးပင်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် လက်နက်ကိုင်ပဋိပက္ခများ လုံးဝချုပ်ငြိမ်းသွားစေရန် အဓိကလိုအပ်သည်။ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့က တစ်ဆက်တစ်စပ်တည်း လိုက်ပါဖြစ်ပေါ်လာမည်ဖြစ်ရာ နိုင်ငံမငြိမ်းချမ်းနိုင်သမျှ ကမ္ဘာ့အလယ်မှာရော ဒေသတွင်းမှာပါ မိမိတို့ အောက်ကျနောက်ကျဖြစ်နေကြရဦးမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် မိမိတို့၏ ပြည်တွင်းရေးနှင့် ဆက်စပ်လျက် ဘေးပယောဂများစွာတို့ ဝင်ရောက်နေပြီဖြစ်ရာ အချိန်မရွေး ထာဝရစစ်နွံအတွင်း ကျရောက်သွားနိုင်ပြီး နိုင်ငံ့လွတ်လပ်ရေး နှစ် ၁၀၀ ပြည့်သည့်တိုင် မငြိမ်းချမ်း၊ မသာယာ၊ မဖွံ့ဖြိုး၊ မတိုးတက်ဘဲ ဆင်းရဲတွင်းနက်သည့်တိုင်းပြည်ဘဝသို့ပင် ရောက်သွားနိုင်သည်ကို သတိပြုရန်လိုသည်။

ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ နှစ်ပေါင်းများစွာကတည်းက ဖြစ်တည်နေခဲ့သည့် ဆန္ဒကို ဖြည့်စွမ်းရန် အကောင်အထည်ဖော်ခြင်းပင်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းလည်းဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းရေး၊ စည်းလုံးညီညွတ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးတို့သည် ပြည်ထောင်စုသားအားလုံးတို့၏ ဆန္ဒနှင့်အညီပင်ဖြစ်ရာ စေတနာမှန်မှန် စိတ်အားထက်ထက်သန်သန်ဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်ညွန့် ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးထိန်လင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ စတင်ကျင်းပ

**နေပြည်တော် မေ ၂၂**

(၅၇)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ အတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။ **(အောက်ယာပုံ)**

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ကျောက်မျက်ရတနာပြပွဲတွင် အလေးချိန် ၇၇၅၃၈ ဒသမ ၁၅ မိုမိရှိ နိုင်ငံပိုင်ပုလဲအတွဲပေါင်း ၃၃၀၊ အလေးချိန် ၁၂၆၀၂ ဒသမ ၇၃၈၉ ကရက်၊ ၃၃၅ ဒသမ ၄၆ ဂရမ်ရှိ နိုင်ငံပိုင်ကျောက်မျက်အတွဲ ၆၂ တွဲ၊ အလေးချိန် ၉၉၁၀၅ ဒသမ ၀၀ ကရက်၊ ၆၁ ဒသမ ၂၆ ကီလိုရှိ နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်သော ကုမ္ပဏီများမှ ကျောက်မျက်အတွဲ ၂၀ နှင့် အလေးချိန် ၂၉၇၈ ဒသမ ၅၁ ကရက်၊ ၄၇ ဒသမ ၈၃ ကီလို၊ ၄၃၉ ဒသမ ၆၃ ဂရမ်ရှိ ပုဂ္ဂလိကကုမ္ပဏီများမှ ကျောက်မျက်အတွဲ ၃၈တွဲ စုစုပေါင်း အလေးချိန် ၁၁၄၆၈၆ ဒသမ ၂၄၈၉ ကရက် ရှိ ကျောက်မျက်အတွဲပေါင်း ၁၂၀၊ အလေးချိန် ၅၈ ဒသမ ၅၉၇ တန်ရှိ နိုင်ငံပိုင် ကျောက်စိမ်းအတွဲ ၁၅၀၊ အလေးချိန် ၅၂၉ ဒသမ ၀၁၃ တန်ရှိ နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်သော ကုမ္ပဏီများမှ ကျောက်စိမ်းအတွဲ ၈၀၀၊ အလေးချိန် ၁၁၉၀ ဒသမ ၉၃၅ တန်ရှိ ပုဂ္ဂလိကကုမ္ပဏီများမှ ကျောက်စိမ်းအတွဲ ၁၀၅၀ စုစုပေါင်း အလေးချိန် ၁၇၇၈ ဒသမ ၅၄၅ တန်ရှိ ကျောက်စိမ်းအတွဲပေါင်း ၂၀၀၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ပုလဲအတွဲများကို မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက် အတွဲများကို မေ ၂၂ ရက် မှ ၂၄ ရက်အထိ ခင်းကျင်းပြသပြီး မေ ၂၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်း အတွဲများကို မေ ၂၂ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသပြီး မေ ၂၆ ရက်မှ ၂၈ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုပြပွဲတွင် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားရှိပြီး ငွေပေးချေရာတွင် ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်၊ ကျပ်ငွေတို့ဖြင့် လည်းကောင်း ပေးချေနိုင်ပြီး ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားရှိကာ ရတနာကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေတို့ဖြင့် ပေးချေနိုင်ကြောင်း သိရသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ အောင်မြင်စွာ ကျင်းပခဲ့ရာ ယခုကျင်းပပြုလုပ်သည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၂၂ ရက်မှ ၂၈ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးဆက်သစ်**
**ဓာတ်ပုံ-ကိုကိုကျော်**



◆ *ရှေ့ဖုံးမှ*

အပြည့်အဝ မခံစားရသေးတာကိုလည်း လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေပါတယ်။ အဓိက အကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့်ပဲ ဖြစ်ပါတယ်။

ဒါကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့ အနှစ်သာရ လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။

ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံးကို ကျွန်တော်ကိုယ်တိုင် တွေ့ပါမယ်။ ပြီးလို့ရှိရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်အဖွဲ့များနဲ့ ဆွေးနွေးမှုများ ပြုလုပ်သွားပါမယ်။

လိုအပ်ရင်လည်း ထပ်မံဆွေးနွေးမှုတွေကိုလည်း ပြုလုပ်သွားပါမယ်။ ဒီဆွေးနွေးပွဲကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်များကိုယ်တိုင်နဲ့ အဖွဲ့ဝင် ၂ ဦးစီ တက်ရောက်ပေးကြပါ။ တက်ရောက်မယ့်သူ ပုဂ္ဂိုလ်များရဲ့အမည်ကို ၂၀၂၂ ခုနှစ် မေလ ၉ ရက်နေ့ နောက်ဆုံးထားပြီး ပြန်ကြားပေးကြစေလိုပါတယ်။

နှစ်ဖက်ညှိနှိုင်းပြီးတော့မှ ရက်သတ်မှတ်ဆွေးနွေးသွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့အရသာကို ခံစားနိုင်ရေး ကျွန်တော်တို့ အားလုံးလက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားကြပါမယ်။

ပြည်ထောင်စုသားအားလုံးရဲ့ အကျိုးကိုရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားစဉ်။

❖ **နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက်တောင်းဆိုလာခဲ့တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ခိုင်ခိုင်မာမာအာမခံထားပြီး ဖြစ်ပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။**

❖ **၇၅ နှစ်ကာလကြာပြီဖြစ်တဲ့လွတ်လပ်ရေးရဲ့ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးတာကိုလည်း လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေပါတယ်။ အဓိက အကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာ အခြေခံပြီးဖြစ်ပေါ်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့်ပဲ ဖြစ်ပါတယ်။**

❖ **ဒါကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့အနှစ်သာရ လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။**

❖ **ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်**
**(၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်)**
**(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်)**

တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး ရရှိရန်ဦးတည်၍ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲပေးထားပြီး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပြီး ယခု ၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးတွင်လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ငြိမ်းချမ်းရေးကိစ္စရပ်များကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့် ကိုယ်တိုင်တွေ့ဆုံ၍ ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။

အဆိုပါ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်နိုင်ရေး ဖိတ်ခေါ်ထားသည့်ကာလနှင့် တွေ့ဆုံဆွေးနွေးနေစဉ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ လှုပ်ရှားခြင်း၊ နယ်မြေချဲ့ထွင်ခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများမပြုရန်နှင့် ထိုကဲ့သို့လုပ်ဆောင်လာပါက တပ်မတော်အနေဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာပစ္စည်းများထုတ်လုပ်မှုအဆင့်ဆင့်နှင့် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုစဉ်။

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရတနာပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပုလဲနှင့်ကျောက်မျက်ရတနာများ ရောင်းချရာတွင် နိုင်ငံခြားငွေများဖြစ်သည့် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ် တို့အပြင် နောင်ပြပွဲများတွင် ဟောင်ကောင်ဒေါ်လာနှင့် ထိုင်းဘတ်ငွေတို့ဖြင့်ပါ ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကိုလည်းကောင်း၊ ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများနှင့် ယခုပြပွဲတွင် ပြသထားသည့် ၃၅ တန်ရှိ အကြီးဆုံးကျောက်စိမ်းတုံးကြီးကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာ အချောထည်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

အဆိုပါ အကြီးဆုံး ကျောက်စိမ်းတုံးကြီးမှာ လုံးခင်းဖားကန့်ရတနာနယ်မြေ၊ မက်လင်ချောင်မှော်၊ နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်(၂)မှ တူးဖော်ရရှိသည့် ၃၀၈ တန်ခန့်ရှိကျောက်စိမ်းတုံးကြီးမှဖြတ်ယူရရှိထားသည့် ၃၅ တန်ရှိ ကျောက်စိမ်းတုံးကြီး ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် အသားကျောက်အမျိုးအစားဖြစ်ပြီး အခြေခံ ဈေးနှုန်းအနေဖြင့် ယူရိုငွေ ၅ သန်းကျော် ခန့်မှန်းတွက်ချက်ရရှိထားကြောင်း သိရှိရသည်။

**အရောင်းပြခန်းများဖွင့်လှစ်ရောင်းချ**

ယနေ့ပြုလုပ်သည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၂၂ ရက်မှ ၂၈ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၃၀၊ ကျောက်မျက်အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း အတွဲ ၂၀၀၀ တို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ဝယ်ယူရာတွင် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိပြီး ငွေပေးချေရာတွင် ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ၃၅ တန်ရှိ အကြီးဆုံး ကျောက်စိမ်းတုံးကြီးကို ကြည့်ရှုစစ်ဆေးစဉ်။



**အကြီးဆုံးကျောက်စိမ်းတုံးကြီးမှာ လုံးခင်းဖားကန့်ရတနာနယ်မြေ၊ မက်လင်ချောင်မှော်၊နိုင်ငံတော်နှင့်အကျိုးတူ လုပ်ကွက်(၂)မှ တူးဖော်ရရှိသည့် ၃၀၈ တန်ခန့်ရှိကျောက်စိမ်းတုံးကြီးမှဖြတ်ယူရရှိထားသည့် ၃၅ တန်ရှိ ကျောက်စိမ်းတုံးကြီးဖြစ်၊ အရည်အသွေးကောင်းမွန်သည့် အသားကျောက်အမျိုးအစားဖြစ်ပြီး အခြေခံဈေးနှုန်းအနေဖြင့် ယူရိုငွေ ၅ သန်းကျော် ခန့်မှန်းတွက်ချက်ရရှိထား**

ရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်၊ ကျပ်ငွေတို့ဖြင့် လည်းကောင်း ပေးချေနိုင်ကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားရှိပြီး ရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ တို့ဖြင့် ပေးချေနိုင်ကြောင်း သိရှိရသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်စိမ်းဥယျာဉ် ပြန်လည်အဆင့်မြှင့်တင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျောက်စိမ်းဥယျာဉ်အား ၂၀၁၀ ပြည့်နှစ်၌ မြေဧရိယာအကျယ်အဝန်း ၈ ဒသမ ၂၆ ဧကပေါ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဥယျာဉ်အတွင်း ကျောက်စိမ်းရိုင်းတုံးပေါင်း ၅၁၁၇ တုံးနှင့် အခြားကျောက်ရိုင်းပေါင်း ၁၄၂၅၂ တုံး ထားရှိထားကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဥယျာဉ်အား ပြန်လည်ပြုပြင်ထိန်းသိမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ ကျောက်စိမ်းဥယျာဉ် ပြန်လည်အဆင့်မြှင့်တင်ထားရှိမှု အခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နှင့် ဦးအောင်နိုင်ဦးတို့ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ မေးမြန်းမှုများဖြေကြား

နေပြည်တော် မေ ၂၂

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် AP သတင်းဌာန၊ ရိုက်တာသတင်းဌာန၊ South China Morning Post သတင်းဌာနနှင့် Straits Times သတင်းဌာန၊ China Central Television(CCTV) သတင်းဌာန၊ People's Daily သတင်းဌာနနှင့် ဆင်ဟွာသတင်းဌာနတို့မှ သတင်းထောက်များကို ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမများ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။**



နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ။

*(ယမန်နေ့မှအဆက်)*

ဆက်လက်၍ Straits Times သတင်းဌာန၏ **ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူအသစ်များ ရှာဖွေနေသည်ဟု သိရှိထားပါကြောင်း၊ လတ်တလော ထုတ်ပြန်ချက်သည် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် မကောင်းပါကြောင်း၊ ဘာကြောင့် ယခုကဲ့သို့ ထုတ်ပြန်သည်ကို ရှင်းလင်းပြောကြားပေးစေလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြန်လည်ဖြေကြားရာတွင် ပြည်တွင်းကျပ်ငွေလဲလှယ်မှုနှုန်းထား မတည်ငြိမ်ခြင်းကြောင့် အချို့သောစီးပွားရေးလုပ်ငန်းများကို ထိခိုက်လာသည့်အတွက် ငွေကြေးလဲလှယ်မှုနှုန်းထား တည်ငြိမ်စေရန် အဓိကရည်ရွယ်ချက်ထားပြီး ကနဦးခြေလှမ်းအဖြစ် ယခုလ ၄ ရက်က ကြေညာချက်ထုတ်ပြန်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေကြေးလဲလှယ်မှုကြီးကြပ်ရေးကော်မတီကိုလည်း အစိုးရက ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်းတွင် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများစွာရှိခဲ့ပြီး ဝေဖန်ပြောဆိုမှုများစွာလည်း ရှိခဲ့ပါကြောင်း၊ သို့အတွက် ကော်မတီအနေဖြင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် နိုင်ငံခြားငွေကြေးလဲလှယ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ကြီးကြပ်ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီသည် ရက်သတ္တတစ်ပတ်လျှင် (၃) ကြိမ် အစည်းအဝေးပြုလုပ်ပြီး နိုင်ငံတွင်းငွေကြေးလဲလှယ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းနှင့် ပြဿနာရပ်များ အဖြေရှာခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း အသိုက်အဝန်းများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယမန်နေ့ကပင် အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံသူများ၊ UMFCCI ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ၎င်းတို့ တွေ့ကြုံနေရသည့် အခက်အခဲများကို နားထောင်ကာ နည်းလမ်းရှာကူညီဖြေရှင်းပေးလျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကြေညာချက်ထုတ်ပြန်အပြီး နိုင်ငံတွင်းစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများကို အတတ်နိုင်ဆုံးလျှော့ချပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီသည် ပြီးခဲ့သည့်ရက်သတ္တပတ်က အစည်းအဝေး သုံးကြိမ်ကျင်းပခဲ့ရာ အချို့သောနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများကို ဗဟိုဘဏ်ကြေညာချက်မှ ကင်းလွတ်ခွင့်ပြုရန် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ပါကြောင်း။

### ကင်းလွတ်ခွင့်ပေးရန် ဆုံးဖြတ်ချက်ချ

ထို့ပြင် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကိုလည်း ဗဟိုဘဏ်ကြေညာချက်မှ ကင်းလွတ်ခွင့်ပေးရန် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံခြားသံရုံးများ၊ INGOs နှင့် NGOs များကိုလည်း ကင်းလွတ်ခွင့်ပေးပါကြောင်း၊ အဆိုပါကြေညာချက်ကြောင့် ဆိုးကျိုးသက်ရောက်မှု အနည်းအများရှိနိုင်သည်ကို သိရှိသည့်အတွက် နေ့စဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး အကောင်းဆုံးဖြေရှင်းပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကာလသည်အစပြု ပြုပြင်ပြောင်းလဲသည့်ကာလဖြစ်သောကြောင့် အကျိုးဝင်ပါဝင်ကြသူအားလုံးအတွက် အကောင်းဆုံးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

Straits Times သတင်းဌာန၏ **ကင်းလွတ်ခွင့်သည် ရင်းနှီးမြှုပ်နှံမှုအသစ်ဝင်ရောက်လာသူများအတွက်လား၊ လက်ရှိရင်းနှီးမြှုပ်နှံထားကြသူများရော ပါဝင်ပါသလား၊ ကင်းလွတ်ခွင့်ရရှိရန် လျှောက်ထားရန်လိုပါသလား မည်သို့ဆောင်ရွက်နေပါသလဲဆိုသည့်** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဖြေကြားရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်နှင့် လက်ရှိရင်းနှီးမြှုပ်နှံကြသူများ ပါဝင်ကြောင်း၊ အဆိုပါလုပ်ငန်းတို့ကို ဗဟိုဘဏ်ကြေညာချက်ကြောင့် အပိုဆောင်းထိခိုက်မှုမရှိစေရန် အဓိကထားပါကြောင်း၊ ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေစဉ်ကာလအတွင်း အပြန်အလှန်သုံးသပ်မှုများ အမြဲပြုလုပ်နေပြီး တိုးတက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

Straits Times သတင်းဌာန၏ **ကြေညာချက်သည် အချိန်ကာလတစ်ခုလား အမြဲဆက်လက်တည်ရှိသွားမည်လား** ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဖြစ်ပေါ်တိုးတက်လာသည့် အခြေအနေအပေါ်တွင် မူတည်ပါကြောင်း၊ ကြေညာချက်သည် ဗဟိုဘဏ်ထုတ်ပြန်ချက်ဖြစ်ပြီး ကင်းလွတ်ခွင့်သည် အစိုးရကဖွဲ့စည်းသည့် ကော်မတီတစ်ရပ်က အခြေအနေအပေါ်မူတည်၍ ကင်းလွတ်ခွင့်ပေးထားခြင်းဖြစ်ကြောင်း၊ မြန်မာကျပ်ငွေလဲလှယ်မှုနှုန်းထား တည်ငြိမ်မှုအခြေအနေအပေါ်မူတည်ပြီး တားမြစ်မှုများ ရုပ်သိမ်းနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ငွေကြေးလဲလှယ်မှုနှုန်းထား အလွန်အမင်းပြောင်းလဲ

**ငွေကြေးလဲလှယ်မှုနှုန်းထားတည်ငြိမ်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း** ကို ပြန်လည်ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ငွေကြေးလဲလှယ်မှုနှုန်းထား မတည်ငြိမ်သည့် အခြေအနေကို ကြည့်လျှင် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ဒေါ်လာကို ၁၃၅၀ ကျပ်နှုန်းထားရှိခဲ့ပါကြောင်း၊ သို့သော် ပြီးခဲ့သည့်လက ၂၀၀၀-၂၀၅၀ ကျပ်အထိ ဖြစ်ခဲ့ပါကြောင်း၊ ယင်းကိုကြည့်လျှင် ငွေကြေးလဲလှယ်မှုနှုန်းထား အလွန်အမင်းပြောင်းလဲသွားသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ငွေကြေးလဲလှယ်မှုနှုန်းထားတည်ငြိမ်မှုရှိစေရန် အဆိုပါကြေညာချက်ကို ဗဟိုဘဏ်က ထုတ်ပြန်ရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

### ပြည်တွင်းဆီပြတ်လပ်မှု လုံးဝမဖြစ်ပေါ်နိုင်

ထို့နောက် **AP သတင်းဌာန၏ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတချို့၏ ဖက်စပ်လုပ်ငန်းများမှ နုတ်ထွက်ခြင်းကြောင့် သဘာဝဓာတ်ငွေ့နှင့် သို့မဟုတ် လောင်စာဆီပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပါသလား။ ဖြစ်ပေါ်နေသည့်ပြဿနာက ဘယ်လောက်ထိသိသာနေပါသလဲ။ ယင်းအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုးတက်အောင်မည်သို့ ဆောင်ရွက်ပေးနေပါသလဲ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအချို့၏ ဖက်စပ်လုပ်ငန်းများမှ နုတ်ထွက်ခြင်းကြောင့် လက်ရှိတွင် သဘာဝဓာတ်ငွေ့နှင့် လောင်စာဆီပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပါကြောင်း၊ လူမှုကွန်ရက်မီဒီယာများတွင် ပျံ့နှံ့နေသည့် သီလဝါဆီသိုလှောင်ကန်စခန်းများအတွင်း စက်သုံးဆီများ လက်ကျန်လျော့နည်းနေသည်ဆိုသည့် ကောလာဟလမှာ သတင်းမှားဖြစ်ပါကြောင်း၊ ပြည်တွင်းတွင် ဓာတ်ဆီအနေနှင့် ဆီလက်ကျန်ဂါလန်သန်းပေါင်း ၄၅ သန်းခန့်နှင့် ဒီဇယ်ဂါလန်သန်းပေါင်း ၇၀ ခန့်ရှိပါကြောင်း၊ သင်္ကြန်ပိတ်ရက်အတွင်း ဆီမချရသေးသည့် သင်္ဘောနှစ်စင်းလည်းရှိပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းဆီပြတ်လပ်မှု လုံးဝမဖြစ်ပေါ်နိုင်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လစ်လပ်လျက်ရှိသော ကုန်းပိုင်းလုပ်ကွက် ၂၁ ကွက်နှင့် ကမ်းလွန်လုပ်ကွက် ၂၁ ကွက်တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာနှင့် အရင်းအနှီးမြင့်မားသည့် ပြည်တွင်း / ပြည်ပ ရေနံကုမ္ပဏီများဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(Production Sharing Contract-PSC) ချုပ်ဆို၍ ဆောင်ရွက်နိုင်ရေးနှင့် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

### စီမံကိန်းကြီးလေးခုရှိ

ကမ်းလွန်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ ချုပ်ဆိုဆောင်ရွက်ရာတွင် ရတနာစီမံကိန်း၊ ရဲတံခွန်စီမံကိန်း၊ ရွှေစီမံကိန်း၊ ဇောတိကစီမံကိန်း စသည့်စီမံကိန်းကြီးလေးခု ရှိပါကြောင်း။

ရတနာသဘာဝဓာတ်ငွေ့မြေမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း သဘာဝ ဓာတ်ငွေ့ ၂၁၉၉၀ ဒသမ ၉၀ ကုဗပေသန်းထွက်ရှိခဲ့ပါကြောင်း၊ Partial Shuttdown ကာလအတွင်း ပြည်တွင်းနှင့် ပြည်ပသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးလျက်ရှိပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်အတွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု/ ပို့လွှတ်မှုများကို ခေတ္တရပ်ဆိုင်းထားခဲ့ပြီး ယခုအခါ ထိုင်းနိုင်ငံသို့ ပုံမှန်ပြန်လည်ပို့လွှတ်ပေးလျက်ရှိပါကြောင်း။

ရဲတံခွန်သဘာဝဓာတ်ငွေ့မြေမှ ထိုင်းနိုင်ငံသို့ ၂၀၀၀ ပြည့်နှစ်မှစ၍ ၂၄ လက်မပိုက်လိုင်းဖြင့် နေ့စဉ်တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ ရခိုင်ကမ်းလွန်လုပ်ကွက်ဖြစ်သော ရွှေစီမံကိန်းမှ တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်း၍ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစ၍ တင်ပို့လျက်ရှိရာ လုပ်ငန်းပြီးစီးမည့်နေ့သည် ၂၀၄၃ ခုနှစ် ဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သဘာဝဓာတ်ငွေ့ ၁၆၀၉၂ ဒသမ ၉၉ ကုဗပေသန်း ထွက်ရှိခဲ့ပါကြောင်း၊ မုတ္တမကမ်းလွန်လုပ်ကွက်ဖြစ်သော ဇောတိကစီမံကိန်းမှလည်း ၂၀၁၄ ခုနှစ် ဩဂုတ်လမှစ၍ တရုတ်နိုင်ငံသို့ ဓာတ်ငွေ့စတင်ပို့လွှတ်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း သဘာဝဓာတ်ငွေ့ ၉၁၄၀ ဒသမ ၈၈ ကုဗပေသန်း ထွက်ရှိပေးပို့ခဲ့ပါကြောင်း။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

UNFCC ၏ ဆုံးဖြတ်ချက်နှင့် ပါရီသဘောတူညီချက်နှင့်အညီ မြန်မာနိုင်ငံသည် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် NDC တွင် နိုင်ငံ၏ စွမ်းဆောင်ရည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်အရ နိုင်ငံတကာအထောက်အပံ့များရရှိပါက ဆောင်ရွက်မည့်ရည်မှန်းချက် (၂) ရပ်ဖြင့် စုစုပေါင်း နိုင်ငံတွင်းဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရည်မှန်းချက်အနေဖြင့် BAU ပမာဏမှ ၂၀၃၀ ခုနှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ် တန် ၁၀၅ ဒသမ ၂၄ သန်း လျှော့ချသွားမည်ဖြစ်ကြောင်း။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင် ရေမြေတောတောင် သဘာဝအရ ပြည့်ဖြိုးမြဲစွမ်းအင်များ ပေါများသည့်အတွက် ပြည်ပနည်းပညာအကူအညီများရယူ၍ရေတို/ရေရှည်စီမံကိန်းများပြီးစီးပါက ပြည်တွင်းတွင် သဘာဝဓာတ်ငွေ့နှင့် လောင်စာဆီပြတ်လပ်မှု အခက်အခဲများ ရှိလာတော့မည် မဟုတ်ပါကြောင်း ဖြေကြားသည်။

**စီမံကိန်းများကို အတည်ပြုစာချုပ် ချုပ်ဆိုထား**

ယင်းနောက် AP သတင်းဌာနက **ဖင်လန်ကုမ္ပဏီနှင့် သဘာဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှစ်ခုတည်ဆောက်ရေးစီမံကိန်းစာချုပ် ချုပ်ဆိုသည့်သတင်း မှန်မမှန်နှင့် တရုတ်နိုင်ငံနှင့် စွမ်းအင်ဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်းသည့် မေးခွန်း**ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်း အမြောက်အမြားရှိပါကြောင်း၊ အချို့မှာ စတင်ရန်ရှိနေပြီး အချို့မှာ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြပြီဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အဆိုပါစီမံကိန်းများကို အတည်ပြုစာချုပ် ချုပ်ဆိုထားခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းအများစုမှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်ဖြစ်ပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်မှုစီမံကိန်း စုစုပေါင်း ၁၃ ခု ရှိပါကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ယခုအချိန်၌ မြန်မာနိုင်ငံတွင် လျှပ်စစ်မီး အလုံအလောက်ရရှိရေးအတွက် အလယ်အလတ်အဆင့် ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ ပြီးခဲ့သည့် အစိုးရ အဆက်ဆက်တွင် စီမံကိန်းတချို့ကို တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများက အဆိုတင်သွင်းခဲ့ပါကြောင်း၊ သို့သော် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်ပြီး အစိုးရ၏ အတည်ပြုချက်မရရှိသေးသည့် အနေအထားမှာပင်ရှိကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းများ ဆောင်ရွက်ရန် မကြာမီအတည်ပြုချက်များ ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း ဖြေကြားသည်။

**LNG စီမံကိန်းများရပ်ဆိုင်းသည်မှာ မှန်ကန်**

**LNG projects နှင့် energy companies များ ထွက်ခွာမှုတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဈေးနှုန်းအဆမတန် မြင့်မားလာမှုကြောင့် LNG စီမံကိန်းများရပ်ဆိုင်းသည်မှာ မှန်ကန်ပါကြောင်း၊ စီးပွားရေးတွက်ခြေကိုက်မှု မရှိသည့်အတွက် လွန်ခဲ့သည့်လအနည်းငယ်ခန့်ကပင် ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော် ကုမ္ပဏီတစ်ခုက LNG project ရင်းနှီးမြှုပ်နှံမှုတစ်ခု MIC သို့ ကမ်းလှမ်းတင်ပြထားပါကြောင်း၊ MIC က မကြာမီ အတည်ပြုမည်ဟု မျှော်လင့်ရပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းအတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအင်ကို Liquefied Natural Gas–LNG မှ အဓိကရယူမည်ဖြစ်ပြီး စီမံကိန်းများ ဆက်လက်ဆောင်ရွက်ရန်ရှိပါကြောင်း၊ ဈေးနှုန်းများကျဆင်းလာပါက ရပ်ဆိုင်းထားသည့် LNG စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ ပြန်လည်စတင်မည်ဖြစ်ပါကြောင်း၊ Petronas စသည့် စွမ်းအင်ကုမ္ပဏီများ ပြန်လည်ထွက်ခွာသွားခြင်းနှင့်ပတ်သက်ပြီး ပြဿနာအကြီးအကျယ်မရှိဘဲ စာချုပ်ပါ စည်းမျဉ်းများအရ ကျန်သည့်အစုရှယ်ယာရှင်များက နေရာဝင်ယူ၍ လုပ်ငန်းများ ဆက်လက်လည်ပတ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများ ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံစီမံကိန်း ဆက်လက်ဆောင်ရွက်နေခြင်း ရှိမရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဧရာဝတီတိုင်းဒေသကြီး မီးလင်းချိုင်တွင် အဆိုပါစီမံကိန်းဆောင်ရွက်ရန် MIC အတည်ပြုခွင့်ပြုချက်ရှိပြီးဖြစ်၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းသည် အကြီးစားစွမ်းအင်စီမံကိန်းတစ်ခုဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖြည့်စွက်ပြောကြားရာတွင် မြန်မာနိုင်ငံမှ ထွက်သွားသည့် ရေနံကုမ္ပဏီများနှင့်ပတ်သက်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ သုံးခုရှိပါကြောင်း၊ ထိုသို့ ထွက်သွားရသည့်အကြောင်းရင်းမှာ လုပ်ငန်းများပြီးဆုံးပြီး ရှာဖွေမှုတွက်ခြေမကိုက်မှု၊ လက်ရှိအစိုးရအပေါ် မကျေနပ်မှုနှင့် ပြင်ပဖိအားပေးခြင်းခံရမှုများကြောင့် ဖြစ်နိုင်ပါကြောင်း၊ အဓိကအားဖြင့် ၎င်းတို့ဆောင်ရွက်နေသည့် လုပ်ကွက်များတွင် သဘာဝဓာတ်ငွေ့များထုတ်လုပ်မှု ကျဆင်းလာပြီး နှစ်အနည်းငယ်တွင် ထုတ်လုပ်မှုများ ပိုမိုကျဆင်းတော့မည်ဖြစ်သည့်အတွက် ထွက်သွားလိုခြင်း ဖြစ်နိုင်ပါကြောင်း၊ လူ့အခွင့်အရေးသည် အကြောင်းပြချက်သာဖြစ်ပြီး အကျိုးအမြတ်ကျတော့မည်၊ ကန်ထရိုက်သက်တမ်း ကုန်တော့မည်ဖြစ်သည့်အတွက် ထွက်သွားခြင်းသာဖြစ်ပါကြောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ရာခိုင်နှုန်းအနည်းငယ်လောက်သာ ထွက်ခွာသွားခြင်းဖြစ်သည့်အတွက် စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတွင် ကြီးမားသည့် သက်ရောက်မှုနှင့် ထိခိုက်ဆုံးရှုံးမှုမရှိပါကြောင်း။

ယခုလို ထွက်သွားသည့်အတွက် ရင်းနှီးမြှုပ်နှံမှုတွင် ကြီးကြီးမားမား သက်ရောက်မှုနှင့် ဆုံးရှုံးမှုများမရှိပါကြောင်း၊ ယခုထွက်သွားသည့် ရေနံလုပ်ကွက်များကိုလည်း ထိုင်းနိုင်ငံ PTT(EPI) ကုမ္ပဏီနှင့် ကိုရီးယားနိုင်ငံ POSCO တို့က လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ထိုင်းနိုင်ငံကုမ္ပဏီမှ မဟုတ်ဘဲ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေမည့် မည်သည့်နိုင်ငံမှ ကုမ္ပဏီနှင့်မဆို မိမိတို့အနေဖြင့် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**လုပ်ငန်းများ ထိခိုက်နစ်နာမှုမရှိစေလို**

Reuters သတင်းဌာန၏ **ငွေလဲလှယ်နှုန်းထားကြေညာချက်မှ ကင်းလွတ်ခွင့် ရရှိခြင်း ရှိ/ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဖြေကြားရာတွင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ထိုင်း၊ စင်ကာပူနှင့် ဂျပန်သံရုံးများအပြင် အမေရိကန်နှင့် အချို့သော အနောက်နိုင်ငံသံရုံးများက ၎င်းတို့နိုင်ငံမှ ကုမ္ပဏီများအတွက် ကြေညာချက်မှ ကင်းလွတ်ခွင့်တောင်းဆိုခဲ့ကြ၍ နိုင်ငံခြားငွေလဲလှယ်မှုကြီးကြပ်ရေးကော်မတီက အစည်းအဝေးကျင်းပကာ ဆုံးဖြတ်ချက်သုံးရပ် ချမှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရှိသံရုံးများအားလုံးနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများအားလုံး ကင်းလွတ်ခွင့်ရရှိခြင်း၊ ဒုတိယအနေဖြင့် အထူးစီးပွားရေးဇုန်များတွင် ယင်းနိုင်ငံတို့မှ ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပါက ကင်းလွတ်ခွင့်ရရှိခြင်းနှင့် တတိယ MIC ခွင့်ပြုထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအားလုံး ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် PTT သည် MIC ခွင့်ပြုချက်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့်အတွက် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုလိုလားသည့်အတွက် ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းများ ထိခိုက်နစ်နာမှု မရှိစေလိုကြောင်း၊ ထို့ကြောင့် MIC ခွင့်ပြုချက်ရရှိထားသည့် လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းများ ကင်းလွတ်ခွင့်ရရှိကြမည်ဖြစ်ပြီး အထူးစီးပွားရေးဇုန်မှာ သီလဝါဖြစ်ကြောင်း ဖြေကြားသည်။

**မြန်မာ–အိန္ဒိယ ငွေကြေးတိုက်ရိုက်ပေးချေမှု လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့်** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နှစ်နိုင်ငံဆွေးနွေးမှုများရှိနေပြီး ညှိနှိုင်းဆောင်ရွက်မှုအပိုင်းကို ဗဟိုဘဏ်က ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**လျှပ်စစ်ဓာတ်အားလျော့နည်းရခြင်းသည် LNG ဓာတ်ငွေ့ဈေးနှုန်းမြင့်တက်ခြင်းနှင့် မဟာဓာတ်အားတိုင်များ အကြမ်းဖက်သမားတို့၏ ဖြိုလှဲခံရခြင်းကြောင့်လား၊ မည်သို့အရေးယူဆောင်ရွက်သည်ကို သိရှိလိုကြောင်း** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက LNG ဓာတ်ငွေ့ဈေးနှုန်းမြင့်မားခြင်းသည် အကြောင်းရင်းတစ်ချက်ဖြစ်ပြီး အချို့သော LNG စက်ရုံများ ရပ်ဆိုင်းထားရခြင်းများ ရှိပါကြောင်း၊ အကြောင်းရင်း နောက်တစ်ချက်မှာ ဓာတ်အားတိုင်ကြီးများဖြိုလှဲခံရခြင်းကြောင့်ဖြစ်ပြီး အစိုးရက ဓာတ်အားတိုင်များကို ပြန်လည်ပြုပြင်နေရဆဲဖြစ်ပါကြောင်း၊ တစ်ဖက်မှာ အခြားစွမ်းအင်ရရှိရာနည်းလမ်းတစ်ခုဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုများ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ဓာတ်ငွေ့ရယူနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေဆောင်ရွက်နေကြောင်း ပြန်လည်ဖြေကြားသည်။

**ငွေကြေးလဲလှယ်မှုနှုန်းထားနှင့် ပြည်ပပို့ကုန်လုပ်ငန်းတို့နှင့် စပ်လျဉ်းသည့်** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြန်လည်ဖြေကြားရာတွင် ပြည်ပပို့ကုန်လုပ်ငန်းရှင်များအနေနှင့် လုပ်ငန်းလိုအပ်ချက် နိုင်ငံခြားငွေ FE နှင့် မြန်မာကျပ်ငွေလဲလှယ်မှု၊ ဘဏ်များမှ မြန်မာကျပ်ငွေထုတ်ယူမှုတို့တွင် အခက်အခဲရှိကြပါကြောင်း၊ ငွေကြေးလဲလှယ်မှုနှုန်းထား မတည်ငြိမ်မှုကြောင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်ရန် အခက်အခဲများ ရှိကြသည့်အတွက် ဗဟိုဘဏ်က နှုန်းထားတစ်ခုသတ်မှတ်ပြီး အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ သို့သော် ပို့ကုန်လုပ်ငန်းရှင်တချို့၏ ဝေဖန်ပြောဆိုမှုများလည်းရှိကြောင်း၊ ထို့ကြောင့် ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်အစည်းအဝေးကျင်းပပြီး ပြန်လှန်သုံးသပ်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများအပေါ် ဆိုးရွားစွာထိခိုက်နစ်နာမှုများမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် standard operating procedures–SOP တစ်ရပ် ယခုသီတင်းပတ်အတွင်း ထွက်ရှိလာမည်ဖြစ်ပါကြောင်း၊ SOP ထွက်ရှိလာပါက ၎င်းတို့၏ လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ**

လျှပ်စစ်မီးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့နိုင်ငံတွင် လူဦးရေ သန်း၆၀ ခန့် ရှိပြီး ရန်ကုန်မြို့တွင် ၆ သန်းကျော်ရှိပါကြောင်း၊ အခြားမြို့များနှင့် ခွဲဝေပြီး အလှည့်ကျပေးရသည့်အတွက် မီးပြတ်ခြင်းဖြစ်ပါကြောင်း၊ PDF များက ရေအားလျှပ်စစ်စက်ရုံများကို ဖျက်ဆီးမှုများကြောင့်ဖြစ်ပါကြောင်း၊ ယင်းတို့ကို ပြန်လည်ဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကိုလည်း မဂ္ဂါဝပ် ၄၀ ထွက်ရှိမည့် လက်ပန်လှစီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ထွက်ရှိမည့် ညောင်ပင်ကြီးစီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများမှာ တစ်ဝက်ကျော်ပြီးစီးနေပြီ ဖြစ်ပါကြောင်း။

နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစီမံကိန်း ၁၈ ခုကိုလည်း တင်ဒါစနစ်ဖြင့် ခေါ်ယူပြီးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ဓာတ်အားရရှိရန် စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ စီမံဆောင်ရွက်လျက်ရှိရာ ဓာတ်အားထုတ်လုပ်မှု ၉ ရာခိုင်နှုန်းကို နေစွမ်းအင်စနစ်ဖြင့် စီမံဆောင်ရွက်နေကြောင်း၊ လေစွမ်းအင်ဖြင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်မှ ဓာတ်အားထုတ်လုပ်နိုင်ရန် ရည်မှန်းထားပါကြောင်း၊ ထိုရည်မှန်းချက်ပြည့်မီရန် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၇၀ ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်း ၁၃ ခုကိုလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူ မဂ္ဂါဝပ် ၃၉၀ ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်းသုံးခုကိုလည်း ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနှံ့ဖြစ်နိုင်သည့် နေရာများတွင် Floating Solar စီမံကိန်း၊ Rooftop Solar စီမံကိန်းများနှင့် အသေးစားအလတ်စားရေအားလျှပ်စစ်စီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

**လက်ရှိ ရှိပြီးစီမံကိန်းများ တွန်းအားပေးဆောင်ရွက်လျက်ရှိ**

လက်ရှိ ထုတ်လုပ်နေသည့် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်များတွင် အလယ်ပေါင်းလောင်း ၁၅၂ မဂ္ဂါဝပ်၊ အထက်ရဲရွာမှ ၂၈၀ မဂ္ဂါဝပ်၊ သူ့ဌေးရေအားလျှပ်စစ်မှ ၁၁၁ မဂ္ဂါဝပ်၊ အထက် ကျိုင်းတောင်းမှ ၅၁ မဂ္ဂါဝပ်၊ နပင် ၆ မဂ္ဂါဝပ် စသည့် ရေအားလျှပ်စစ် စီမံကိန်းများကိုလည်း ဆောင်ရွက်နေသကဲ့သို့ လက်ရှိ ရှိပြီးစီမံကိန်းများကိုလည်း တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားသည်။

**China Central Television(CCTV) သတင်းဌာန၏ ဧပြီ ၁၇ ရက်တွင် နိုင်ငံတကာလေကြောင်းလိုင်းများ မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုတော့မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် အဓိကဦးတည်ချက်အဖြစ် ဆောင်ရွက်သွားမည့် လက္ခဏာတစ်ရပ်ဖြစ်ပါသလား မေးခွန်းနှင့် စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်တွင်းခရီးသွားလုပ်ငန်းကို ပထမအဆင့်အနေဖြင့် စတင်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ နိုင်ငံတကာခရီးသွားလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှ စတင်၍ ကိုဗစ်–၁၉ ရောဂါ၊ ပြည်ဝင်ခွင့်လိုအပ်ချက်များနှင့်အညီ သတ်မှတ်စည်းကမ်းများဖြင့် ဝင်ရောက်ခွင့်ပြုခဲ့ပါကြောင်း၊ အများသိကြသကဲ့သို့ ကိုဗစ်–၁၉ ရောဂါကြောင့် ကမ္ဘာနှင့်တစ်ဝန်း စီးပွားရေးလုပ်ငန်းများကျဆင်းခဲ့ပြီး ခရီးသွားလုပ်ငန်းသည် ထိခိုက်မှုအများဆုံးကဏ္ဍတစ်ရပ်ဖြစ်ခဲ့ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရရှိပြီး မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းဖြစ်သည့်အပြင် အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုလည်း ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို သိသိသာသာ ထိန်းချုပ်လာနိုင်ပြီဖြစ်ပြီး ခရီးသွားလုပ်ငန်းကို စနစ်တကျ ပြန်လည်စတင်နိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ ပေါင်းစပ်၍ ယခင်ကတည်းက ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ ယခုတွင်လည်း နိုင်ငံတကာခရီးသွားများ ရောက်ရှိအောင် ကြိုတင်ပြင်ဆင်ပြီးဖြစ်ပါကြောင်း။

### တရုတ်နိုင်ငံကို အလေးထားဖိတ်ခေါ်

ခရီးသွားဧည့်သည်များမှတစ်ဆင့် ကူးစက်ရောဂါမပြန့်ပွားရေးအတွက် မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ ၇၂ နာရီ အတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း စသည့်ဓာတ်ခွဲအဖြေနှင့် မြန်မာ့အာမခံလုပ်ငန်းထံမှ ကျန်းမာရေးအာမခံ ဝယ်ယူထားကြောင်း အစရှိသည့် အခြေခံအထောက်အထားများပါရှိရန်နှင့် လေဆိပ်အတွင်း၌လည်း ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများက လိုအပ်သည်များကို စိစစ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ရန်ကုန်မြို့၌ ဒေသအဆင့် HSP အသိအမှတ်ပြုလက်မှတ်ရ Quarantine Hotel ၆၇ လုံးဖြင့် လက်ခံဆောင်ရွက်ပေးနေပါကြောင်း၊ ခရီးသွားကဏ္ဍသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ အိမ်နီးနားချင်းဖြစ်သည့် တရုတ်နိုင်ငံကိုလည်း နွေးထွေးစွာ အလေးနက်ထားဖိတ်ကြားလိုပါကြောင်း၊ မန္တလေးတွင်ရှိသည့် ကောင်စစ်ဝန်ချုပ်နှင့်လည်း ညှိနှိုင်းပြီး တိုးခရီးစဉ်များ ထိထိရောက်ရောက်လာရန်အတွက် အစကတည်းက ကြိုတင်စီမံထားပြီးဖြစ်ပါကြောင်း။ မိမိတို့နိုင်ငံသည် အချို့နေရာများတွင် မတည်မငြိမ်ဖြစ်သော်ငြားလည်း အဓိက ခရီးစဉ်ရှိသည့် နေရာများတွင် လုံခြုံမှုအပြည့်အဝရှိပြီး ရပ်နားခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း ပြင်ဆင်ထားသည့်အတွက် ယနေ့ရှုခင်းအသစ်များ၊ ကျန်းမာရေးအပြည့်အဝ ဆောင်ရွက်ထားမှုများနှင့်အတူ ခရီးသွားလုပ်ငန်းကို များစွာပြင်ဆင်ထားရှိပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံအားလုံးကို ဖိတ်ခေါ်ထားသကဲ့သို့ အထူးသဖြင့် အိမ်နီးနားချင်းဖြစ်သည့် တရုတ်နိုင်ငံကို အလေးထားဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

### ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆို

**China Central Television(CCTV) သတင်းဌာန၏ ခရီးသွားလုပ်ငန်းမှလွဲ၍ မြန်မာနိုင်ငံသည် အနာဂတ်တွင် စီးပွားရေးပြန်လည်နာလန်ထူနိုင်ရေးအတွက် မည်သည့်စီးပွားရေးလုပ်ငန်းများကို အဓိကဦးတည်၍ ဆောင်ရွက်သွားမည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့ရေးစီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် စွမ်းအင်နှင့် ပတ်သက်သည့် ရေနံထုတ်လုပ်မှု၊ ရေနံချက်လုပ်မှု၊ ဓာတ်မြေဩဇာထုတ်လုပ်မှု စသည့်လုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်နေပါကြောင်း၊ ဒုတိယတစ်ခုအနေဖြင့် တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားပေးရေးကဏ္ဍတွင် လျှပ်စစ်ဓာတ်အားပြည့်စုံလုံလောက်စွာပေးနိုင်ရေးအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းတွင်ရှိသည့် အခြေခံအဆောက်အဦလုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ဖိတ်ခေါ်ကြောင်း၊ ကြိုဆိုကြောင်း ကြေညာထားပါကြောင်း၊ မိရိုးဖလာစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှင့်ဆက်စပ်၍ စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍကို တရုတ်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမှုအလားအလာများစွာကောင်းမွန်ပါကြောင်း၊ ဖိတ်ခေါ်သွားမည့် ကဏ္ဍများသည် တိုင်းပြည်၏ စီးပွားရေးနာလန်ထူလာရေးအတွက် လိုအပ်သည့် ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် လုပ်ငန်းများတွင် ဦးစားပေးဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အရေးအကြီးဆုံး ရင်းနှီးမြှုပ်နှံမှုလုပ်သည့် နိုင်ငံဖြစ်ပါကြောင်း၊ တိုင်းပြည်၏ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၂၇ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံက ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကဏ္ဍများတွင် တရုတ်နိုင်ငံဘက်မှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**China Central Television(CCTV) သတင်းဌာန၏ မေ ၃ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာချက်အရ ဘဏ်စာရင်းအသီးသီးရှိ နိုင်ငံခြားသုံးငွေများအား တရားဝင်ငွေလဲနှုန်းဖြင့် ကျပ်ငွေအဖြစ် လဲလှယ်ရောင်းချရမည်ဟု ညွှန်ကြားခဲ့ပြီး မြန်မာမီဒီယာများ၏ သတင်းတင်ပြချက်များအရ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသည် ယင်းတို့၏လုပ်ငန်းများ ဂယက်ရိုက်သွားသည်ဟု ဆိုကြရာ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဤအမိန့်ကြော်ငြာချက်၏ ဆိုးကျိုးသက်ရောက်မှုအပေါ် မည်သို့သုံးသပ်အကဲဖြတ်ပါသလဲ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်သည့် အမိန့်ကြော်ငြာစာသည် မိမိတို့တိုင်းပြည်၏ မြန်မာကျပ်ငွေတည်ငြိမ်မှုအတွက် ဦးတည်ပြီး ထုတ်လိုက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ စတင်ပြီးတာဝန်ယူစဉ်ကတည်းက အမေရိကန်တစ်ဒေါ်လာ၏ ငွေလဲနှုန်းသည် ငွေကျပ် ၁၃၅၀ ဖြစ်ပါကြောင်း။

### ငွေလဲနှုန်း တည်တည်ငြိမ်ငြိမ်ဖြစ်သည့်အတွက် တချို့ကကြိုဆို

ယခုနောက်ပိုင်းတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ပြည်တွင်းစီးပွားရေးတွင် ကမောက်ကမဖြစ်အောင် ပြုလုပ်ခဲ့ပြီး ကျပ်ငွေတန်ဖိုးကျဆင်းအောင် နည်းလမ်းပေါင်းစုံ ကြိုးစားခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းအမိန့် မထုတ်ခင် ပြီးခဲ့သည့်လတွင် မြန်မာကျပ်ငွေသည် တစ်ဒေါ်လာကို ကျပ်ငွေ ၂၁၀၀ အထိ တန်ဖိုးကျသွားခဲ့သည့် အနေအထားဖြစ်ပါကြောင်း၊ ကျပ်ငွေကျဆင်းသွားခြင်းသည် ပြည်တွင်းစီးပွားရေးကို ပို၍ကမောက်ကမဖြစ်စေပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်သည့်အမိန့်သည် ကျပ်ငွေတန်ဖိုးကျနေမှုကို ဟန့်တားနိုင်ရန်အတွက် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်ထဲမှ ထိန်းချုပ်လိုက်ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လုပ်လိုက်ခြင်းဖြင့် လတ်တလောကာလတွင် မျိုးစုံထိခိုက်မှုများ ရှိနိုင်ပါကြောင်း၊ သို့သော်လည်း ရေရှည်ကိုသွားမည်ဆိုပါက အားလုံးအတွက် ကောင်းသည့်အစီအစဉ်တစ်ခုဟု ပြောလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် အမြဲတမ်းပြည်ပသို့ ပစ္စည်းတင်ပို့နေသည့် လုပ်ငန်းရှင်များက ကြိုဆိုပါကြောင်း၊ ငွေလဲနှုန်း တည်တည်ငြိမ်ငြိမ်ဖြစ်သည့်အတွက် တွက်ချက်မှု ပိုမိုမြန်ဆန်သွားသည့်အတွက် တချို့ကကြိုဆိုပြီး၊ ဝေဖန်ထိုးနှက်မှုများလည်း ရှိပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ ဆိုးကျိုးသက်ရောက်မှုများ နည်းပါးစေရေးအတွက် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားပါကြောင်း၊ ယင်းကော်မတီက နိုင်ငံခြားသုံးငွေနှင့်ပတ်သက်ပြီး ဆိုးကျိုးများ လျော့နည်းသွားကာ အားလုံးစီးပွားရေးကဏ္ဍ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် မျက်ခြည်မပြတ် စောင့်ကြည့်ပြီး လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ပေးနေပါကြောင်း ဖြေကြားသည်။

### နိုင်ငံ၏တည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးမှုများလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်

**China Central Television(CCTV) သတင်းဌာန၏ မြန်မာ့နှစ်ကူးသင်္ကြန်ပွဲတော် နီးကပ်လာသည့်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းတွင် မကြာခဏပေါက်ကွဲမှု၊ ပစ်ခတ်မှုနှင့် မီးရှို့ဖျက်ဆီးမှုများ ဖြစ်ပွားလျက်ရှိရာ သက်ဆိုင်ရာ အာဏာပိုင်ဌာနများအနေဖြင့် လုံခြုံရေးမြှင့်တင်ရေးအတွက် မည်ကဲ့သို့လုပ်ဆောင်မည်၊ လုံခြုံရေးအခြေအနေယိုယွင်းမှုသည် လာမည့်နှစ်၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအပေါ် သက်ရောက်မှုရှိနိုင်ပါသလား မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လုံခြုံရေးအခြေအနေနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်နိုင်နင်းနင်း ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သက်တမ်းသည် တစ်နှစ်ကျော်ကျော် ဖြစ်လာသည့်အခါတွင် နိုင်ငံ၏တည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများကလည်း အရှိန်အဟုန်ဖြင့်စတင်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ကောင်းမွန်သည့်အနေအထား ရလာသည့်အခါတွင် တစ်ဖက်က CRPH နှင့် NUG အဖွဲ့များကလည်း အရှိန်မြှင့်ပြီး ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် တချို့သောဒေသများတွင် အကြမ်းဖက်မှုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသေးများကို တိုက်ခိုက်ခြင်းများရှိပါကြောင်း၊ အင်အားနည်းသည့်စခန်းများကို PDF များက တိုက်ပြခြင်းအားဖြင့် ၎င်းတို့ကို ပို၍နာမည်ကြီးအောင် လုပ်သည့်သဘောသာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စခန်းများသည် ဥပဒေစိုးမိုးရေးအရ ထိုက်သင့်သည့် အင်အားဖြင့် ထားရှိသည့်အင်အားသာဖြစ်ပါကြောင်း၊ အမှန်တကယ် တိုက်ခိုက်ရေးစခန်းများ မဟုတ်ပါကြောင်း၊ ထိုအရာများနှင့် ပတ်သက်၍ အတတ်နိုင်ဆုံး စီမံကိုင်တွယ်လျက်ရှိပါကြောင်း။

နယ်စွန်နယ်ဖျား အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့ ဧရိယာကျယ်ပြန့်သည့်နေရာများတွင်သာဖြစ်ပွားပြီး ကျန်သည့်ဒေသများတွင် ကြီးကြီးမားမား ကျယ်ကျယ်ပြန့်ပြန့် မရှိပါကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လာမည့် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရန်အတွက် တစ်ကမ္ဘာလုံးကို ကြေညာပြီး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲအတွက်လည်း ပြင်ဆင်မှုအမျိုးမျိုး၊ ဥပမာ ပန်းခင်းစီမံချက်ကဲ့သို့ နိုင်ငံသားအားလုံး မှန်ကန်စွာမဲပေးနိုင်ရေးအတွက် မှတ်ပုံတင်ပြုလုပ်ပေးပြီး မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် သွားမည့်လမ်းကြောင်းကို သက်ဆိုင်ရာပါတီများနှင့်တွေ့ဆုံပြီး ရေးဆွဲစီမံလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲသည် တည်ငြိမ်မှုအပေါ်မူတည်ပါကြောင်း၊ တည်ငြိမ်မှုမရှိဘဲ ရွေးကောက်ပွဲလုပ်မည်ဆိုပါက ပြည်သူအချင်းချင်းသော်လည်းကောင်း၊ အဖွဲ့အစည်း အချင်းချင်းသော်လည်းကောင်း၊ တည်ငြိမ်လုံခြုံမှုမရှိပါက သွေးချောင်းစီးမှုများ ယခုထက် ပိုမိုများပြားလာနိုင်သည့် ရွေးကောက်ပွဲသဘောသဘာဝရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် အတတ်နိုင်ဆုံးတည်ငြိမ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်မှန်သော ရွေးကောက်ပွဲတစ်ခုဖြစ်ရန်ဆိုပါက နေရာတိုင်းတွင် တည်ငြိမ်ရန်လိုအပ်ပါကြောင်း၊ မတည်ငြိမ်သည့်နေရာများရှိပါက မှန်ကန်ပြည့်ဝသည့် ရွေးကောက်ပွဲတစ်ခု ဖြစ်လာနိုင်သည့်အနေအထား နည်းပါးပါကြောင်း၊ ထို့ကြောင့် လက်ရှိ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို ရည်မှန်းချက်ထားပြီး နိုင်ငံကို တည်ငြိမ်အောင် ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားလိုပါကြောင်း။

### ဒီမိုကရေစီနိုင်ငံတော်အသစ်တစ်ခု မလွဲမသွေရောက်နိုင်မည်

မိမိတို့နိုင်ငံအနေဖြင့် အတတ်နိုင်ဆုံး ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေး ဆောင်ရွက်သည့်အခါ ပြည်ပကနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံအပေါ် နားလည်မှု ယုံကြည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ အထူးသဖြင့် အနောက်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအပေါ် အမျိုးမျိုးသော မီဒီယာနည်းလမ်းဖြင့်သော်လည်းကောင်း၊ အခြားကဏ္ဍများဖြင့် သော်လည်းကောင်း သတင်းတု၊ သတင်းမှားများကို ဖော်ပြပြီး မိမိတို့နိုင်ငံကို ကျဉ်းတည်းကျပ်တည်းရောက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် အထူးသဖြင့် တရုတ်နိုင်ငံသည် မိမိတို့နိုင်ငံအပေါ် နားလည်မှုနှင့်အတူ အခက်အခဲများဖြစ်ပေါ်လာတိုင်း ကူညီခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံရေးကိစ္စသော်လည်းကောင်း၊ စီးပွားရေးကိစ္စသော်လည်းကောင်း များစွာအထောက်အပံ့ပေးနေသည်ကို တွေ့ရပါကြောင်း၊ ရွေးကောက်ပွဲဖြစ်မြောက်ရန်အတွက် တရုတ်နိုင်ငံကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်စေလိုပါကြောင်း၊ မှန်ကန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတစ်ခုရောက်အောင် သွားနေပါကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍ နိုင်နိုင်နင်းနင်း ဆောင်ရွက်နေနိုင်ပါကြောင်း၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် ကိစ္စဖြစ်သည့်အတွက် အချိန်အနည်းငယ်ယူရမည်ဟု မြင်မိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေး ကိစ္စများကိုလည်း ပြည်ပနိုင်ငံများအနေဖြင့် နားလည်မှု၊ ယုံကြည်မှုများနှင့်အတူ နိုင်ငံသားများ၏ အကျိုးကိုရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက မျှော်မှန်းထားသည့် ရွေးကောက်ပွဲကျင်းပပြီး ဒီမိုကရေစီနိုင်ငံတော်အသစ်တစ်ခု မလွဲမသွေရောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**China Central Television(CCTV) သတင်းဌာန၏ (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၂၂ ရက်မှစ၍ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြပွဲသို့ တက်ရောက်ရန် နိုင်ငံခြားသတင်းထောက်များ စာရင်းသွင်းရန်ခွင့်ပြုထားခြင်းမရှိကြောင်း သိရပြီး တရုတ်နိုင်ငံရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်အမြောက်အမြားသည် ဤပြပွဲကို အလွန်စိတ်ဝင်စားကြပါကြောင်း၊ သို့ဖြစ်၍ တရုတ်သတင်းထောက်တစ်ဦးအနေဖြင့် အဆိုပါပြပွဲတွင် သတင်းရယူခွင့်ရရှိရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ရပါမလဲ မေးခွန်းနှင့်စပ်လျဉ်း၍** ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် မနက်ဖြန်တွင် စတင်၍ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ကျောက်မျက်ဝယ်ယူမည့် ကုန်သည်များကိုလည်းကောင်း၊ သတင်းထောက်များကိုလည်းကောင်း ဖိတ်ခေါ်ပါကြောင်း၊ သတင်းထောက်များအနေဖြင့် လာရောက်လိုပါက မြန်မာနိုင်ငံသံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ကို ဆက်သွယ်မည်ဆိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး ကျောက်မျက်ပြပွဲသို့ တက်ရောက်သတင်းယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ရတနာကုန်သည်များ၊ ပြည်တွင်း ပြည်ပ သတင်းထောက်များကိုလည်း ကြိုဆိုပါကြောင်း ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# သတင်းထုတ်ပြန်ချက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့)

## လတ်တလော လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများကြားတွင် လျှပ်စစ်စီမံကိန်းများကို အရှိန်မြှင့်ဆောင်ရွက်ရန် စီးပွားရေးပိတ်ဆို့အရေးယူခြင်းများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်းအလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာစေသည်ဟု အစိုးရက ပြောကြား

**စီးပွားရေး ပိတ်ဆို့အရေးယူမှုများ ရှိနေသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရန် ရှာဖွေဆောင်ရွက်နေစဉ်၌ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အကြမ်းဖက်သမားများကြောင့် ပျက်စီးသွားသော ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်နေပြီး ဟိုက်ဒရိုကာဗွန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်အောင် အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က ယနေ့ ထုတ်ပြန်ကြေညာသည်။**

**မြန်မာနိုင်ငံတွင် စွမ်းအင်ပြတ်လပ်မှုနှင့်စပ်လျဉ်း၍ မကြာသေးမီက မီဒီယာများတွင် ဖော်ပြမှုများ၊ ပြည်ပစွမ်းအင်ကုမ္ပဏီများ ထွက်ခွာမှုများနှင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများနှင့် ပတ်သက်၍ မကြာသေးမီများက ထုတ်ပြန်ခဲ့သည့် မီဒီယာများ၏ ဖော်ပြချက်များအပေါ် တုံ့ပြန်သည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့က ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။**

### မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများအား ဖြေရှင်းဆောင်ရွက်ခြင်း

ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် တစ်ကမ္ဘာလုံး၌ သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ငွေကြေးပြတ်တောက်မှုကြား၌ မြန်မာကျပ်ငွေအားနည်းခြင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ဆက်စပ်နေသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတွင်း မကြာသေးမီက လျှပ်စစ်ဓာတ်အားယာယီပြတ်တောက်မှုများ ဖြစ်ပွားရခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်ကတည်းက ဓာတ်အားခပေးချေမှုများကို သပိတ်မှောက်ရန် လှုံ့ဆော်ခြင်းအပြင် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကယားပြည်နယ်ရှိ လောပိတရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားလိုင်းများကို ဖောက်ခွဲဖျက်ဆီးခဲ့သည်။ အဆိုပါလုပ်ရပ်များသည် အထူးသဖြင့် ပြည်တွင်းရှိ သာမန်ပြည်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အခက်အခဲဖြစ်စေခဲ့သည်။

သို့သော်လည်း အစောပိုင်းက ပြည်တွင်းမငြိမ်သက်မှုများရှိနေသော်လည်း ၂၀၂၁ ခုနှစ် နှစ်ဝက်မှ စတင်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု တော်တော်များများ ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် နိုင်ငံ၏ စွမ်းအင်အခြေအနေနှင့်စပ်လျဉ်း၍ အမျိုးမျိုးသော လုပ်ရပ်များကို လျှော့ပါးသက်သာစေရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည် -

(၁) ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဈေးနှုန်းများ တည်ငြိမ်မှုနှင့်အတူ အစိုးရသည် ပြည်တွင်းဓာတ်အားထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ကို တိုးမြှင့်သုံးစွဲရန် ကြိုးပမ်းနေပါသည်။

(၂) အကြမ်းဖက်သမားများကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လျှပ်စစ်ဓာတ်အား အခြေခံအဆောက်အအုံများကို အစိုးရက ပြုပြင်ပြီးနောက် လုံခြုံရေးအစီအမံများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

(၃) လက်ရှိစက်ရုံများကို ပြောင်းလဲအသုံးပြုခြင်းကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များမှတစ်ဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရင်းမြစ်များမှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်သည် -

- ရွှေဂတ်စ်ပိုက်လိုင်းအသစ်ကို ၂၀၁၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ပုံမှန်ဓာတ်အား ၃၃၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်မည်ဖြစ်သည်။
- လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ချက်ချင်းထုတ်လုပ်ရန်အတွက် ဓာတ်မြေဩဇာ စက်ရုံအချို့ (ဓာတ်ငွေ့သုံး၍) အသွင်ပြောင်းခြင်းနှင့် အခြားဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ သို့မဟုတ် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်းများတွင် အရှိန်ဟုန်မြှင့်လုပ်ဆောင်ခြင်း၊ လက်ရှိတွင် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၂၀ ကို အသုံးပြု၍ ကျောက်ဖြူတွင် လျှပ်စစ်ဓာတ်အား စုစုပေါင်း မဂ္ဂါဝပ် ၁၀၀ ခန့် ထုတ်ပေးလျက်ရှိသည်။ ပိုက်လိုင်း ပြုပြင်ထိန်းသိမ်းပြီးပါက တစ်နေ့လျှင် ကုဗပေ သန်း ၃၀ အထိ တိုးချဲ့ကာ ၁၉၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

**(၄) တရုတ်နိုင်ငံနှင့် အဓိက စွမ်းအင်စီမံကိန်းများ**

အကြီးဆုံးအိမ်နီးချင်းနိုင်ငံနှင့် မိတ်ဖက်စီးပွားရေးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။

- China National Petroleum Corporation (CNPC) ၏ တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းအပိုင်းကို ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးစီးပြီး ရေနံပိုက်လိုင်းအပိုင်းကို ၂၀၁၇ ခုနှစ် ဧပြီလတွင် အပြီးသတ်တည်ဆောက်ခဲ့သည်။ အဆိုပါ စီမံကိန်းသည် မြန်မာနိုင်ငံတွင် CNPC ၏ အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး နိုင်ငံအတွင်း တရုတ်နိုင်ငံ၏ "ပိုးလမ်းမစီမံကိန်း - Belt and Road Initiative" ၏ အဓိကအချက်အချာဖြစ်သည်။
- တရုတ်ကုမ္ပဏီ သုံးခုဖြစ်သည့် Union Resources and Engineering Company (၄၁ ရာခိုင်နှုန်း)၊ Yunnan Energy Investment (၃၉ ရာခိုင်နှုန်း) နှင့် Zhefu Holding Group (၁ ရာခိုင်နှုန်း) တို့သည် Myanmar's Supreme Group (၁၉ ရာခိုင်နှုန်း)နှင့် ပူးပေါင်းပြီး ၁၃၉၀ မဂ္ဂါဝပ် LNG ထုတ်ပေးသည့် မီးလင်းချိုင် စီမံကိန်းကို အကောင်အထည်ဖော်ရန် စတင်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးရှိ အဆိုပါစက်ရုံတွင် LNG ဓာတ်အားပေးစက်ရုံ၊ LNG သိုလှောင်ကန်၊ ဗို့အားမြင့်သွယ်တန်းခြင်းနှင့် ရန်ကုန်သို့ သွယ်တန်းထားသည့် ဓာတ်ငွေ့ပိုက်လိုင်းများ ပါဝင်သည်။ အဆိုပါ စီမံကိန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးပြီး ၂၀၂၇ ခုနှစ်တွင် စီးပွားဖြစ်လုပ်ငန်း စတင်လည်ပတ်နိုင်မည်ဟု မျှော်လင့်ရသည်။

ထို့အပြင် မြန်မာအစိုးရသည် ၎င်း၏ တိုးတက်မှုကို အရှိန်မြှင့်တင်ရန် အလို့ငှာ ခန့်မှန်းခြေ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိသည့် အဆိုပါ ဦးစားပေးစွမ်းအင်စီမံကိန်းကိုလည်း တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ အစောပိုင်း စီမံကိန်းများစာရင်းတွင် ထည့်သွင်းရန် အဆိုပြုထားမည်ဖြစ်သည်။

**(၅) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာခြင်း**

ဆိုလာစွမ်းအင် - မဂ္ဂါဝပ် ၄၀ ရှိမည့် လက်ပံလှနှင့် မဂ္ဂါဝပ် ၃၀ ရှိမည့် ညောင်ပင်ကြီး ဆိုလာစီမံကိန်းများသည် ထက်ဝက်ကျော် ပြီးစီးနေပြီဖြစ်သည်။ နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရည်မှန်းချက်အောင်မြင်ရေးအတွက် မဂ္ဂါဝပ် ၃၇၀ ထုတ်လုပ်မည့် နေရောင်ခြည်သုံးစွမ်းအင်စီမံကိန်း ၁၃ ခုကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

၃၉၀ မဂ္ဂါဝပ် ထုတ်လုပ်မည့် နေရောင်ခြည်စွမ်းအင်သုံး နောက်ထပ် စီမံကိန်း သုံးခုကိုလည်း ရေးဆွဲထားသည်။ ရေပေါ်နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများ၊ ခေါင်မိုးပေါ်ရှိ ဆိုလာစီမံကိန်းများနှင့် အသေးစားနှင့် အလတ်စားစီမံကိန်းများကို တတ်နိုင်သရွေ့ မြှင့်တင်ရန် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၆၃၅ မဂ္ဂါဝပ်ထုတ်လုပ်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၈ ရုံကိုလည်း တင်ဒါခေါ်ယူထားသည်။ ဖိတ်ခေါ်ထားသည့် မဂ္ဂါဝပ် ၃၀၀ ထုတ်လုပ်မည့် ဆိုလာစီမံကိန်း ၁၁ ခုအတွက်လည်း ဆက်လက်ညှိနှိုင်းမှုများအပြင် သဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

ရေအားလျှပ်စစ် - ရေအားလျှပ်စစ်ဆည်ပေါင်း ၆၀ ကျော်နှင့်အတူ ရေအားလျှပ်စစ်သည် နိုင်ငံတစ်ဝန်း လျှပ်စစ်စွမ်းအင်၏ အဓိကအရင်းအမြစ်ဖြစ်သည်။ အစိုးရအနေဖြင့် မကြာမီတွင် တာပိန် (၁) ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၁၂၀ မဂ္ဂါဝပ်ခန့် ဝယ်ယူရန် ညှိနှိုင်းနေသည်။ အစိုးရအနေဖြင့် အတည်ပြုချက်မပေးမီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်ခြင်းကို ဦးစွာအလေးထား ပြုလုပ်သွားမည်ဖြစ်သည်။ စီမံကိန်းဒီဇိုင်းများသည် အနာဂတ် စိုးရိမ်ပူပန်မှုများကို ဖြေလျှော့ရန်အတွက် သက်ဆိုင်ရာနယ်ပယ်များနှင့်ချိတ်ဆက်၍ ယင်းကဲ့သို့သော အကျိုးသက်ရောက်မှုများ၊ အစီအစဉ်များနှင့် အကျိုးကျေးဇူးများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်နေပြီး ရေအားနှင့် ဆိုလာစွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ၉ ရာခိုင်နှုန်း ထုတ်လုပ်ရန် စီစဉ်ထားသည်။

### နိုင်ငံခြားရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ၏ ထွက်ခွာမှုကို အစီရင်ခံတင်ပြခြင်း

ပြင်သစ်နိုင်ငံမှ Total Energies ကုမ္ပဏီ၏ ရတနာလုပ်ကွက်နှင့် ဆက်စပ်ဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးစီမံကိန်းတို့မှ နုတ်ထွက်ခြင်းသည် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် စတင်မည်ဟု ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။ ယခင်အစုရှယ်ယာ၏ ၃၁.၂၄ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံ၏ PTTEP International Limited (PTTEPI) ကို ဆက်ခံသည့် အော်ပရေတာအဖြစ် လွှဲပြောင်းထားသည်။ Total Energies ကုမ္ပဏီ၏ နုတ်ထွက်မှု စတင်သက်ဝင်သည့်နေ့နောက်ပိုင်းတွင် PTTEPI ကုမ္ပဏီသည် အစုရှယ်ယာ ၃၇.၀၈၄၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်မည်ဖြစ်ပြီး Chevron ကုမ္ပဏီ၏ လုပ်ငန်းခွဲဖြစ်သော Unocal Myanmar Offshore Company Limited သည် စီမံကိန်း၏ အစုရှယ်ယာအများဆုံးဖြစ်သည့် ၄၁.၁၀၁၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်မည်ဖြစ်သည်။

၁၉၉၆ ခုနှစ်တွင် ပထမဆုံး တင်ပို့မှုမှစတင်၍ ဤစီမံကိန်းမှ ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းခန့် သို့မဟုတ် လက်ရှိတွင် တစ်နေ့လျှင် စံကုဗပေ ၇၆၈ သန်းခန့်အား ကျန်ရှိသည့် သတ်မှတ်ထားသော ပြည်တွင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ထိုင်းနိုင်ငံသို့ ရောင်းချသည်။

"ဤသည်မှာ ပိုင်ဆိုင်မှုပြောင်းလဲမှုကြောင့် လုပ်ငန်းများကို အကျိုးသက်ရောက်မှုမရှိပါ။ ရတနာလုပ်ကွက်သည် မြန်မာနိုင်ငံတွင် လူသိများသော ကမ်းလွန်ပင်လယ်ပြင်တွင် အကြီးဆုံး ဟိုက်ဒရိုကာဗွန်သိုက်များ ရှိသည်။ သို့သော်လည်း နှစ်ပေါင်း ၂၀ ကျော်ကြာပြီးနောက် ၂၀၂၁ ခုနှစ်ကုန်ပိုင်းမှစ၍ ယင်းလုပ်ကွက်မှ ထုတ်လုပ်မှုသည် ကျဆင်းသွားခဲ့သည်။ ယနေ့အထိ ယင်းလုပ်ကွက်မှ ထုတ်လုပ်မှုသည် ၈၅ ရာခိုင်နှုန်းအထိ ပြန်လည်ရရှိခဲ့သည်" ဟု ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။ Total Energies ကုမ္ပဏီသည် မြန်မာနိုင်ငံမှ ထွက်ခွာမှုအတွက် လျော်ကြေးငွေ တောင်းခံခြင်းမရှိပေ။

အမေရိကန်ပြည်ထောင်စု Chevron ကော်ပိုရေးရှင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Unocal Myanmar Offshore Co., Ltd. က မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ နုတ်ထွက်မည်ဟု ပြောကြားခဲ့သော်လည်း ယနေ့အထိ အစိုးရအနေဖြင့် ကုမ္ပဏီထံမှ တရားဝင်အကြောင်းကြားစာ မရရှိသေးကြောင်း ပြည်ထောင်စုဝန်ကြီးများက ပြောကြားသည်။

*စာမျက်နှာ ၁၀ သို့*

# လျှပ်စစ်ကားများ ထုတ်လုပ်ပြေးဆွဲနိုင်ရေးနှင့်စပ်လျဉ်းသည့် မူဝါဒဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

လျှပ်စစ်ကားများ ထုတ်လုပ်ပြေးဆွဲနိုင်ရေးနှင့် စပ်လျဉ်းသည့် မူဝါဒဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိမ်းကျော်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းတို့သည် Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အစီအစဉ်အရ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက "Public Transportation အတွက် ခရီးတို မြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ယာဉ်များ၊ လျှပ်စစ်ဘတ်စ်ကားများ တင်သွင်းထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ဆောင်ရွက်ရန်" ညွှန်ကြားချက်များအရ စက်မှုဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ထားသည့် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒပါလုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေရသောကြောင့် လျှပ်စစ်မော်တော်ယာဉ်ကဏ္ဍအတွက် ပြည်တွင်းထုတ်လုပ်မှုကို တာဝန်ခံဝန်ကြီးဌာနအနေဖြင့် ထိန်းကျောင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်မော်တော်ယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လျှပ်စစ်မော်တော်ယာဉ်တင်သွင်း၊ ထုတ်လုပ်မှုနှင့် ပတ်သက်ပြီး ချမှတ်ထားသော တိကျသည့် မူဝါဒတစ်ခုရှိရန် အမှန်ပင်လိုအပ်နေပြီဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တွင် လူထုသယ်ယူပို့ဆောင်ရေးအတွက် YBS ယာဉ်လိုင်းများ ပြေးဆွဲနေသည့် ကုမ္ပဏီတစ်ခုက နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် လူထုသယ်ယူပို့ဆောင်ရေးအား လျှပ်စစ်ဘတ်စ်ကားများဖြင့် ပြောင်းလဲပြေးဆွဲရန် အဆိုပြုလာသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခဲ့ရာ လိုအပ်သည့်မူဝါဒများချမှတ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း။

ထို့ကြောင့် Action Plan နှင့်အတူ တိကျသည့် ညွှန်ကြားချက်၊ မူဝါဒများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြတ်သားစွာ ထည့်သွင်း ဖော်ပြရန်လိုကြောင်း၊ လျှပ်စစ်မော်တော်ယာဉ်လုပ်ငန်းတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် Action Plan တစ်ခုဖြစ်ရန် လိုအပ်သောကြောင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကိုလည်း လေ့လာပြီး လိုအပ်ပါက ကိုးကား၍ ထည့်သွင်းအသုံးပြုသင့်ပါက လက်ခံကျင့်သုံးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အထွေထွေမန်နေဂျာတို့က Electric Vehicle Development Policy and Action Plan ဆိုင်ရာ ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာတို့က စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံအချို့တွင် လျှပ်စစ်သုံးယာဉ်မူဝါဒ ချမှတ်ထားရှိမှုနှင့် မြန်မာနိုင်ငံအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များကိုလည်းကောင်း၊ Omni Focus Co., Ltd. ၏ တာဝန်ရှိသူတစ်ဦးမှ လျှပ်စစ်ဘတ်စ်ကားများ ပြောင်းလဲပြေးဆွဲရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ လျှပ်စစ်ကားများကို မြန်မာနိုင်ငံတွင် အမြန်ဆုံးတင်သွင်းပြေးဆွဲနိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း၊ လျှပ်စစ်ကားများအား ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ်ကိုလည်းကောင်း၊ လျှပ်စစ်ကားများနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးကိစ္စ၊ လျှပ်စစ်ကားများနှင့် အပိုပစ္စည်းအစိတ်အပိုင်းများ တင်သွင်းလာပါက အကောက်ခွန်နှုန်းထားများ ဖြေလျှော့ပေးမည့်အခြေအနေများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖြေလျှော့ဆောင်ရွက်ပေးမည့်အခြေအနေများ၊ လျှပ်စစ်ယာဉ်များအတွက် ပြဋ္ဌာန်းမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရေးအတွက် ပံ့ပိုးကူညီပေးမည့် အခြေအနေတို့ကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက EV Development Action Plan (3rd Draft) ပါ အကြောင်းအရာများနှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ဆက်စပ်ဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်များနှင့်အညီ ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လျှပ်စစ်မော်တော်ယာဉ်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်း၍ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

တတိယမြောက် နိုင်ငံခြားစွမ်းအင်ကုမ္ပဏီဖြစ်သည့် ဩစတြေးလျနိုင်ငံမှ Woodside Petroleum Ltd သည် ရခိုင်ပြည်နယ်ရှိ A6 သဘာဝဓာတ်ငွေ့စီမံကိန်းမှ မကြာသေးမီက နုတ်ထွက်ခဲ့သည်။ ၎င်း၏ ရှယ်ယာများကို ၎င်း၏ စီမံကိန်းလုပ်ဖော်ကိုင်ဖက် MPRL E&P Group of Companies မှ လွှဲပြောင်းရယူခဲ့သော်လည်း လုပ်ငန်းပိုင်းဆောင်ရွက်မှုများ ထိခိုက်မှုမရှိပေ။

**မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် ဆွဲဆောင်မှုရှိနေဆဲဖြစ်**

၁၈၅၃ ခုနှစ်တွင် စတင်၍ တင်ပို့ခဲ့သည့် ကမ္ဘာ့ဝါရင့်ရေနံထုတ်လုပ်သည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သော်လည်း ပိတ်ဆို့အရေးယူမှုများ၊ နားလည်ရန်ခက်ခဲသော မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှု မလုံလောက်မှုများကြောင့် မြန်မာနိုင်ငံသည် ကနဦးအစပျိုးသည့် အဆင့်၌ပင် ရှိနေဆဲဖြစ်သည်။

"သက်သေပြထားသော စွမ်းအင်အရန်ပမာဏသည် အတော်အသင့်သာရှိသေးသော်လည်း အလွတ်သဘော ခန့်မှန်းချက်များသည် အလွန်အလားအလာကောင်းပါတယ်။ ထိုင်းနှင့် တရုတ်နိုင်ငံရှိ ကြီးမားသော ဝယ်လိုအားစင်တာများနှင့် နီးစပ်ပြီး အလားအလာကောင်းသော အဆိုပါလုပ်ကွက်များသည် စီးပွားရေးသမားအများအပြား၏ စိတ်ပါဝင်စားမှုကို ဆွဲဆောင်လျက်ရှိပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက် လုပ်ဆောင်လျက်ရှိပြီး ဟိုက်ဒရိုကာဗွန် လုပ်ကွက်များအတွက် နိုင်ငံတကာလေလံပွဲတွေကို အောင်အောင်မြင်မြင်နဲ့ ကျင်းပခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။

**မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို တုံ့ပြန်ခြင်း**

မကြာသေးမီလများအတွင်း အနောက်နိုင်ငံအများအပြား၏ ပြင်ပဖိအားများနှင့် စီးပွားရေးပိတ်ဆို့အရေးယူမှုများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအကြား စိုးရိမ်ပူပန်မှုများ တိုးလာနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။

"စီးပွားရေး ပိတ်ဆို့မှုတွေက အစိုးရထက် ပုဂ္ဂလိကကဏ္ဍတွေကို ပိုပြီး အပျက်သဘော အကျိုးသက်ရောက်နိုင်တယ်။ ပြည်တွင်း/ ပြည်ပလုပ်ငန်းရှင်တွေနဲ့ သူတို့ရဲ့ လုပ်ငန်းတွေ၊ ပြည်တွင်းအလုပ်သမားတွေ၊ ကုန်ပစ္စည်းတင်သွင်းသူတွေနဲ့ စားသုံးသူအများစုမှာ ဒုက္ခရောက်ကြရပါတယ်။"

"ခွင့်ပြုထားပြီးဖြစ်တဲ့ စီမံကိန်းကြီးတချို့က စတင်ဆောက်လုပ်နေပါပြီ။ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် အချို့သော စီမံကိန်းအရှိန်မြှင့်ဆောင်ရွက်သူများသည် နိုင်ငံခြားငွေ လွှဲပြောင်းရာ၌ အတားအဆီးတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ အဲဒါက စီမံကိန်းတွေရဲ့ တိုးတက်မှုကို ထိခိုက်ခဲ့ပါတယ်။"

"ပိတ်ဆို့အရေးယူမှုတွေကြောင့် အဆိုပါစီမံကိန်းတွေကို ရပ်လိုက်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေက ဖြစ်ပေါ်လာတဲ့ စီမံကိန်းကုန်ကျစရိတ်တွေထက် သူတို့ခံစားခဲ့ရတဲ့ အခွန်ကင်းလွတ်ခွင့်တွေကို ပြန်ဆပ်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေက ဆိုင်းငံ့ထားတဲ့အခြေအနေမှာပဲ ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အဆင်မပြေတဲ့ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကြောင့်မဟုတ်ဘဲ ပြင်ပဖိအားတွေကြောင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားနိုင်ပါတယ်။"

"မြန်မာနိုင်ငံအနေနဲ့ လုံခြုံ၍ လက်လှမ်းမီနိုင်ပြီး အဆင်ပြေသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို ပံ့ပိုးပေးဖို့ ကတိပြုပါတယ်။ ကျွန်တော်တို့အနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ နုတ်ထွက်သွားတာကို မမြင်တွေ့လိုပါဘူး။ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပေါ်ပေါ်ထင်ထင် တားမြစ်ထားသော်လည်း မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆက်လက် ဆွဲဆောင်လျက်ရှိပါတယ်။ ကျွန်ုပ်တို့ရဲ့ နိုင်ငံခြားလုပ်ဖော်ကိုင်ဖက်အများအပြားသည် ကျွန်ုပ်တို့နှင့် တိတ်တဆိတ်လက်တွဲလုပ်ကိုင်ရန် ရွေးချယ်ကြပြီး မြန်မာ့စီးပွားရေး အလားအလာနှင့် ၎င်းတို့ရဲ့ ထူးခြားသော စိန်ခေါ်မှုတွေကို အပြည့်အဝအသိအမှတ်ပြုပါတယ်။"ဟု ပြည်ထောင်စုဝန်ကြီးများက ပြောကြားခဲ့သည်။

**စွမ်းအင်ကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုအားလုံးတွင် ဦးစားပေးအဖြစ်တည်ရှိ**

ပြည်ထောင်စုဝန်ကြီးများသည် ပြီးခဲ့သော ဘဏ္ဍာရေးနှစ် ၂ နှစ်အတွင်း မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ နောက်ဆုံးရအချက်အလက်များကိုပေးခဲ့သည်။ ဘဏ္ဍာရေးနှစ် ၂၀၂၀ - ၂၀၂၁ (ဘတ်ဂျက်ကာလ ၁၂ လကုန်ဆုံးသည့် အောက်တိုဘာလ) နှင့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ် (ဘတ်ဂျက်ကာလ ၆လ ကုန်ဆုံးသည့် မတ်လ) တွင် ကဏ္ဍ ၁၂ ခု၌ စုစုပေါင်းစီမံကိန်း ၈၂ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄.၃၂ ဘီလီယံ ရှိကြောင်း အတည်ပြုခဲ့သည်။ (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၇၉ ဘီလီယံနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင်အမေရိကန်ဒေါ်လာ ၅၃၀.၇၇၅ သန်း)။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကဏ္ဍ ၁၂ ခုအနက်မှ စီမံကိန်းအများစုသည် ကုန်ထုတ်လုပ်မှုဖြစ်သည်။ သို့သော်လည်း ဤကာလအတွင်း စွမ်းအင်ကဏ္ဍသည် စီမံကိန်း ၆ ခုအတွက် ယခုဘတ်ဂျက်ကာလအတွင်း၌ စုစုပေါင်းခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃.၁၂ ဘီလီယံကို လက်ခံရရှိခဲ့ပြီး စွမ်းအင်ကဏ္ဍ၏ဆွဲဆောင်မှုကို မီးမောင်းထိုးပြသခဲ့သည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ**

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံအများစုမှာ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်းနှင့် တောင်ကိုရီးယားတို့ဖြစ်သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း ၁၅ ခုမှာ တရုတ်နိုင်ငံမှ ဖြစ်ပြီး စီမံကိန်း ၁၄ ခုမှာ စင်ကာပူမှ ဖြစ်သည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် တရုတ်နိုင်ငံမှ စီမံကိန်း ၁၈ ခုနှင့် ဟောင်ကောင်မှ စီမံကိန်း ၆ ခု ရှိသည်။

**ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ**

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၂ နှစ်အတွင်း ကဏ္ဍ ၁၂ ခုတွင် ပြည်တွင်းစီမံကိန်း ၉၃ ခု (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၆၁ ခုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ၃၂ ခု)၊ တန်ဖိုးငွေ ကျပ် ၂၂၄၈.၇ ဘီလီယံ (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၁၇၁.၈ ဘီလီယံ၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၀၇၆.၉ ဘီလီယံ) အသီးသီးရှိကြောင်း အတည်ပြုခဲ့သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လတာကာလကို ကာလတို ဘတ်ဂျက်ကာလအဖြစ် သတ်မှတ်ထားသည်။ ဘဏ္ဍာရေးနှစ်သည် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ပြောင်းလဲခဲ့သည်။

စုစုပေါင်းစီမံကိန်း ၅၀ သည် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဦးဆောင်နေသည့် ကုန်ထုတ်လုပ်မှုကဏ္ဍမှဖြစ်ပြီး ထို့နောက်တွင် ဝန်ဆောင်မှုကဏ္ဍမှ အတည်ပြုထားသောစီမံကိန်း ၁၄ ခုနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍမှာ စီမံကိန်း ၁၁ ခုဖြင့် တတိယရရှိခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ထုတ်ပြန်ချက်

သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက ကျေးဇူးပြု၍ အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်ပေးပါရန်
mediacontact@e-information.gov.mm or myintkyawmoi@gmail.com

# ယခုနှစ်တွင် လာနီညာ ရာသီဥတုဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ပိုမိုကြုံတွေ့ရနိုင် ဆေးရုံများရှိ လူနာနှင့်လူနာစောင့်များ ဘေးအန္တရာယ်ကင်းစေရေး၊ ဆေးပစ္စည်းများ မပျက်စီးစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်



နေပြည်တော် ဧပြီ ၂၂

**မိုးရာသီကာလတွင်ဖြစ်ပွားလေ့ရှိသော ဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန COVID-19 Command Center အစည်းအဝေးခန်းမ Virtual စနစ်ဖြင့် ကျင်းပသည်။**

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ရှိကာလတွင် ရောဂါကူးစက်မှု အခြေအနေကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်လျက်ရှိကာ ဖြေလျှော့မှုများလည်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ယခုအချိန်အခါသည် ပုံမှန်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ကာ ဆောင်ရွက်ရမည့်အချိန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုနှင့်တစ်ခု ဖြစ်ပွားနိုင်သော ဘေးအန္တရာယ်အမျိုးအစားနှင့် ဖြစ်ပွားနိုင်မှု အတိုင်းအတာ ကွာခြားမည်ဖြစ်ပါ၍ မိမိတို့ဒေသအလိုက်၊ မြို့နယ်အလိုက် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်အမျိုးမျိုးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိုးကြို/မိုးရာသီကာလတွင် မုန်တိုင်းတိုက်ခြင်း၊ လေပြင်းတိုက်ခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်း ဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိပြီး ယခုနှစ်တွင် လာနီညာ ရာသီဥတုဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ပိုမိုကြုံတွေ့ရနိုင်သည်ဖြစ်၍ ဆေးရုံများရှိ လူနာနှင့် လူနာစောင့်များ ဘေးအန္တရာယ်ကင်းစေရေး၊ ကျန်းမာရေးဌာန အဆောက်အအုံများ ဘေးကင်းစေရေး၊ ဆေးနှင့်ဆေးပစ္စည်းများ မပျက်စီးစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

အသက်အရွယ်ကြီးသူများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ယာယီစခန်း (IDP Camp) များတွင် နေထိုင်ရသူများစသည့် ထိခိုက်လွယ်အုပ်စု (vulnerable group) များတွင် ဘေးအန္တရာယ်ကြောင့် ပိုမိုထိခိုက်နိုင်ကာ ကျန်းမာရေးပြဿနာများလည်း ပိုမိုဖြစ်ပွားနိုင်သည် ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ဖြစ်ပွားမှု၏ နောက်ဆက်တွဲအဖြစ် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မြွေကိုက်ခံရမှုအစရှိသည့် ကျန်းမာရေးပြဿနာများ ပေါ်ပေါက်လာနိုင်သောကြောင့် ရေသန့်စင်ဆေးပြားများ၊ ခါတ်ဆားများ၊ မြွေဆိပ်ဖြေဆေးများ အပါအဝင် ဆေးဝါးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင် ထားရှိရမည်ဖြစ်ပါကြောင်း။

အလားတူမိုးရာသီကာလတွင်ဖြစ်ပွားမှုများပြားသော သွေးလွန်တုပ်ကွေးရောဂါ၊ ရာသီတုပ်ကွေးရောဂါနှင့် အခြားကူးစက်ရောဂါများအတွက် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် အသင့်ပြင်ဆင်ထားရှိသော ဘေးအန္တရာယ်ဆိုင်ရာသုံး ဆေးသေတ္တာပုံးများတွင် ဆေးဝါးများ မပြတ်လပ်စေရေး ဖြည့်ဆည်းထားရမည် ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ် ကျရောက်ချိန်တွင် ကွပ်ကဲကြီးကြပ်မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှုများသည် အရေးကြီး၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အရေးပေါ်အခြေအနေကွပ်ကဲမှု စင်တာများတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၏ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေကွပ်ကဲမှုစင်တာများကိုလည်း အသင့်အနေအထားဖြစ်နေစေရန် စီမံဆောင်ရွက်ထားရမည်ဖြစ်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များကို ခရိုင်/ မြို့နယ်အဆင့်များအထိ အသင့်အနေအထား ဖွဲ့စည်းလေ့ကျင့်ထားရမည် ဖြစ်ပါကြောင်း။

ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့၏ကျန်းမာရေးဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေး (safety) ကိုလည်း အမြဲအလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝယ်ယူဖြန့်ဝေပေးထားသော အသက်ကယ်အင်္ကျီ (life jacket) များကိုလည်း ရေကြီးရေလျှံ ဖြစ်ပွားရာ ဒေသများတွင် အသုံးပြုနိုင်ရေးအတွက် အောက်ခြေအဆင့်အထိရောက်အောင် ဖြန့်ဖြူးထားရှိရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးပေးမည်ဖြစ်ကာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများအနေဖြင့် အကျိုးရှိ ထိရောက်စွာ အသုံးပြုဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန သဘာဝဘေးနှင့်ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲက ၂၀၂၁ခုနှစ်မှ ယခုအထိ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

---

# မကွေးတိုင်းဒေသကြီး မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေးအတွက် နိုင်- ၄ မှတ်တမ်းများကို နည်းပညာအသုံးပြု၍ အချက်အလက်ရေးသွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသုံးပြုနေသော နိုင်-၄ မှတ်တမ်းများကို နည်းပညာအသုံးပြု၍ အချက်အလက်ရေးသွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက မကွေးမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များအလိုက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် စာရင်းမှန်ရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်အလိုက် ထုတ်ပေးထားသော နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း မှတ်တမ်းစာအုပ် (ပုံစံ နိုင်- ၄) မှတ်တမ်းများကို Excel Format အသုံးပြု၍ စိစစ်ရေးသွင်းခြင်း ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ လာမည့်ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရန် ရွေးကောက်ပွဲ ကော်မရှင်၏ မဲစာရင်းများအား အခြေပြုစစ်ဆေးရမည့် မြို့နယ်(လဝက)ရုံး အသီးသီးရှိ(နိုင်- ၄ )မှတ်တမ်းများကို Excel Format အသုံးပြု၍ ကွန်ပျူတာစာရင်းသွင်းခြင်းကို ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ လဝက၊ ထွေအုပ်၊ တပ်မတော် နည်းပညာရှင်များ၊ အဆင့်မြင့်နှင့် အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုဝန်ထမ်းအဖွဲ့များ များ ပူးပေါင်း၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလာမည့် ရွေးကောက်ပွဲတွင် ယခင် ရွေးကောက်ပွဲမှ အမှားအယွင်းမျိုး မဖြစ်စေရေးအတွက် မဲစာရင်းပြုစုရာတွင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (ဖဖ/၆) တစ်ခုတည်းကိုသာ အခြေခံစာရင်းအဖြစ် အသုံးပြုခြင်း မပြုလုပ်ဘဲ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးသည့် မှတ်ပုံတင်စာရင်း နိုင်- ၄ ကိုပါ အခြေခံစာရင်းအဖြစ် အသုံးပြုပြီး အပြန်အလှန် စစ်ဆေးနိုင်သည့် IT နည်းပညာကို အသုံးပြု၍ Software ရေးဆွဲကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကိုသာ မဲစာရင်းပြုစုရန် ရည်ရွယ် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ထိုသို့ဆောင်ရွက်ခြင်းဖြင့် လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတမှု အပြည့်ဖြင့် စစ်မှန်သည့် စည်းကမ်းပြည့်ဝသော ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံ့ဝန်ထမ်းများ အားလုံး အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးပိုင်မြင့်က ဝန်ကြီးဌာနမှ အသုံးပြုနေသာ နိုင်- ၄ မှတ်တမ်းများကို Excel Format ဖြင့် အချက်အလက် ရေးသွင်းခြင်း လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက် လာကြသူများမှ အထွေထွေဆွေးနွေးတင်ပြမှုများ ဆောင်ရွက်ကာ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

---

## ကျုံပျော်မြို့၌ နွေရာသီအားကစား သင်တန်းဆင်း

ကျုံပျော် ဧပြီ ၂၂

ကျုံပျော်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် နွေရာသီအားကစားသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို ဧပြီလ ဒုတိယပတ်အတွင်းက မြို့နယ်ပြည်သူ့အားကစားခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဟိန်းကိုက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းတွင် ကြက်တောင်၊ အေရိုးဗစ်/ Fitness Dance၊ ပြေးခုန်ပစ်၊ ရိုးရာခြင်း၊ မြန်မာ့သိုင်းစသည့်အားကစားနည်းများကို နည်းပြဆရာ ရှစ်ဦးက ၁၅ ရက်ကြာ စနစ်တကျလေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ကမ္ဘာ့ခရီးသွား လုပ်ငန်းကောင်စီ၏ (၂၁) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်းညီလာခံသို့ တက်ရောက်

**နေပြည်တော် မေ ၂၂**

ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (World Travel and Tourism Council–WTTC) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် (၂၁) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။(ယာပုံ)

အဆိုပါညီလာခံသို့ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ကဏ္ဍများ၌ ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ညီလာခံကို ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများအကြား တူညီသောစာနာမှုနှင့် တန်ဖိုးထားမှု၊ ရည်မှန်းချက်များကို အခြေခံ၍ လူ့အဖွဲ့အစည်း၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးကဏ္ဍများတွင် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဝိုင်းဝန်းဖြေရှင်းနိုင်ရန်၊ အနာဂတ်တွင် ရေရှည်တည်တံ့ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်း၏အောင်မြင်မှုများကို မျှဝေခံစားနိုင်ရန် ရည်ရွယ်၍ "Rediscovering Travel" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ညီလာခံတွင် ခရီးသွားလုပ်ငန်းများ ရပ်တန့်ရာမှ ပြန်လည်စတင်နိုင်မည့် လမ်းကြောင်းအသစ်များ ဖော်ထုတ်ခြင်း၊ ဘဏ္ဍာရန်ပုံငွေ ထူထောင်ခြင်း၊ ခရီးသွားလာရာတွင် ယုံကြည်စိတ်ချမှု ရှိစေခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်ရေးနှင့် ပြန်လည်ဆန်းသစ်ခြင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေခြင်း၊ အဆင့်မြင့်ခရီးသွားလုပ်ငန်းဈေးကွက်အခြေအနေများအား သုံးသပ်ခြင်းနှင့် ခရီးသွားလုပ်ငန်းပြန်လည်ပုံဖော်ခြင်း အစရှိသည့် ကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (World Travel & Tourism Council–WTTC) ဥက္ကဋ္ဌ Mr. Arnold Donald က WTTC သည် ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တစ်ဖက်တစ်လမ်းမှရပ်တည် ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါကာလအလွန်တွင် ကမ္ဘာ့နိုင်ငံများမှ ခရီးစဉ်ဒေသများ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် အာရှ–ပစိဖိတ်ဒေသသည် များစွာအရေးပါကြောင်း၊ အနာဂတ်ကာလ ခရီးသွားလုပ်ငန်းအားပိုမို၍ ရေရှည်တည်တံ့စေရန်နှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်သော ကဏ္ဍဖြစ်စေရန် ပုံဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး Ms. Bernadette Romulo–Puyat က ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ခရီးသွားများ၏ အပြုအမူနှင့် ကြိုက်နှစ်သက်မှုများမှာလည်း ပြောင်းလဲလျက်ရှိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ယဉ်ကျေးမှုနှင့်ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Ms. Julia Simpson က ကိုဗစ်–၁၉ ကာလအလွန်တွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ခရီးသွားဧည့်သည်များအတွက် လိုက်နာဆောင်ရွက်ရမည့် စံသတ်မှတ်ချက်များကို ကမ္ဘာ့နိုင်ငံများအားလုံး တစ်ပြေးညီသတ်မှတ်နိုင်ပါက ခရီးသွားဧည့်သည်များ ပိုမိုလွယ်ကူ အဆင်ပြေစွာ သွားလာ လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာကို



အကျိုးရှိစွာအသုံးချရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ခရီးသွားဧည့်သည်များ၏ ယုံကြည်မှုကို တည်ဆောက်ရမည်ဖြစ်ပါကြောင်းနှင့် အနာဂတ်ကာလ ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် အစိုးရပိုင်းမှ အဆင့်မြင့်အရာရှိကြီးများက ခရီးသွားလုပ်ငန်းဆိုင်ရာ မဟာဗျူဟာနှင့်စပ်လျဉ်းသည့် အမြင်သဘောထားများကို ဆွေးနွေးဖလှယ်ကြကာ ညီလာခံ ပထမနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့သည်။

ညီလာခံဒုတိယနေ့ အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ဆောင်ရွက်နိုင်ရေး၊ လူသားချင်းစာနာထောက်ထားရေး၊ အနာဂတ်ကာလတွင် ခရီးသွားလုပ်ငန်းများ ရေရှည်တိုးတက်စေရေး အစရှိသော ခေါင်းစဉ်များအပေါ် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ၊ ဟိုတယ်များ၊ လေကြောင်းလိုင်းများ၊ ခရီးသွားကုမ္ပဏီများ အစရှိသော ပုဂ္ဂလိကခရီးသွားကဏ္ဍမှ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားဝန်ကြီး Ms. Bernadette Romulo–Puyat ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (World Travel & Tourism Council–WTTC) မှ ဥက္ကဋ္ဌ Mr. Arnold Donald နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း ကောင်စီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ Ms. Julia Simpson တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကာ မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ ခရီးသွားအရင်းအမြစ်နှင့် ခရီးသွားဆွဲဆောင်မှုများ ကြွယ်ဝသော မြန်မာနိုင်ငံအနေနှင့် နိုင်ငံတကာမှ ခရီးသည်များကို ကိုဗစ်–၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လာရောက်လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဤကမ္ဘာလုံးဆိုင်ရာ ခရီးသွားကွန်ဖရင့်မှ ဖော်ထုတ်ဆွေးနွေးချက်များကို ရယူပေါင်းစပ် ဆောင်ရွက်ခြင်းဖြင့် အနာဂတ်ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်း ဆောင်ရွက်

**မော်လမြိုင် မေ ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် အခြေခံအားဖြင့် မဲပေးမည့်စာရင်းဇယားများတိကျမှန်ကန်ပြီး ဆန္ဒမဲပေးပိုင်ခွင့် တစ်ဦးချင်းစီတိုင်း နိုင်ငံသားစိစစ်ရေးကတ် ရှိ ၊ မရှိ လဝက ပုံစံ ၆၆/ ၆ စိစစ်ဆောင်ရွက်နိုင်ရေး ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာများကို ပြုစုဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်



အဖွဲ့ခွဲရုံးတွင် ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းဆိုင်ရာ ဆောင်ရွက်မှု အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ပြည်နယ် ဝန်ကြီးချုပ်က အခြေခံ မဲစာရင်းပြုစုခြင်းကို ၂၀၂၂ ခုနှစ် ဧပြီလအတွင်း အပြီးဆောင်ရွက်ကြရန် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။

မွန်ပြည်နယ်တွင် ပန်းခင်းစီမံချက်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ မော်လမြိုင်မြို့နယ်တွင် မဲပေးမည့် စာရင်းဇယား တိကျမှန်ကန်စေရေး ဌာနဆိုင်ရာအဖွဲ့ ၁၄ ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပြီး အခြားမြို့နယ်များတွင် လည်း သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၂**

ထူးခြားသည့် နေ့အပူချိန်များမှာ ညောင်လေးပင်မြို့၊ ဟင်္သာတမြို့နှင့် မြောင်းမြမြို့တို့တွင် ၃၉ ဒီဂရီစင်တီ ဂရိတ်စီနှင့် ပဲခူးမြို့၊ ကြို့ပင်ကောက်မြို့၊ မှော်ဘီမြို့၊ ဥက္ကံမြို့၊ ငါးသိုင်းချောင်းမြို့၊ ဇလွန်မြို့၊ ဘောလခဲမြို့၊ ဖားဆောင်းမြို့၊ ဘားအံမြို့၊ မြဝတီမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြည်မြို့တွင် ၁ ဒသမ ၅၈ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ တောင်ငူမြို့တွင် ဝ ဒသမ ၈၂ လက်မ၊ ပေါင်မြို့တွင် ဝ ဒသမ ၆၃ လက်မ၊ ဆိပ်သာမြို့နှင့် ဘားအံမြို့တို့တွင် ဝ ဒသမ ၅၉ လက်မစီ၊ ပိုင်ကျုံမြို့တွင် ဝ ဒသမ ၅၁ လက်မနှင့် အမ်းမြို့တွင် ဝ ဒသမ ၄၃ လက်မ တို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ကံမမြို့နယ်၌ နွေရာသီအားကစား သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိ

**ကံမ မေ ၂၂**

မကွေးတိုင်းဒေသကြီး ကံမမြို့ မြို့နယ်အားကစားကွင်းတွင် ပညာရေးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူ လူငယ်များ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်နှင့် လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးစေရန် ရည်ရွယ်ပြီး ယနေ့နံနက်ပိုင်းမှ စတင်၍ နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ နွေရာသီအားကစားသင်တန်းများသင်ကြားပေးရာတွင် အခြေခံဘောလုံးသင်တန်း၊ ရိုးရာခြင်းလုံးသင်တန်းနှင့် စစ်တုရင်သင်တန်းတို့ကို သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူး ဒေါ်စိုးမိုးခိုင်ထံမှ သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်း အပေါ် စီရင်ချက် အမိန့်ချမှတ်

**နေပြည်တော် မေ ၂၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်း၏ ဆောင်ရွက်မှုများအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌဟောင်း ဦးသောင်းထွန်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်စဉ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် မင်္ဂလာတောင်ညွန့်မြို့နယ်အထက်ပုဇွန်တောင်လမ်းပေါ်ရှိ မြေဧက ၉ ဒသမ ၂၂၀ အား ၎င်းနှင့်ပုဂ္ဂိုလ်ရေးရင်းနှီးသော ပုဂ္ဂလိကကုမ္ပဏီ တစ်ခုသို့ တင်ဒါခေါ်ယူမှုမရှိဘဲ နှစ် ၃၀ ငှားရမ်းပေးခဲ့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်စပ်လျဉ်းသည့် မြေအသုံးပြုပိုင်ခွင့် အမိန့်ကြော်ငြာစာ) အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁ နှင့် နိုင်ငံတော် သမ္မတရုံး၏ ညွှန်ကြားချက် ၃/၂၀၁၈ ၌ ငှားရမ်းခအား နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ တည်ရှိရာဒေသ၏ ကာလပေါက်ဈေးအတိုင်း သတ်မှတ်ရမည်ဟူသော ပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိခြင်း၊ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံး လုပ်နည်းများနှင့်အညီလိုက်နာဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် တစ်နှစ်အတွက် မြေငှားရမ်းခ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သိန်းကျော်နှင့် မြေအသုံးချမှု ပရီမီယံကြေး အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ သန်းကျော် နစ်နာဆုံးရှုံးခဲ့ခြင်းတို့ကြောင့် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်း အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်၌ တရားစွဲဆို တင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၆၁/၂၀၂၁၊ ၆၂/၂၀၂၁ နှင့် ၆၃/၂၀၂၁ အထိ အမှုသုံးမှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

ယင်းအမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ယနေ့ရက်စွဲဖြင့် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးသောင်းထွန်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ အမှု သုံးမှုအတွက် စုစုပေါင်း အလုပ်နှင့် ထောင်ဒဏ် ၉ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦး၊ ဦးရဲမင်းဇော်နှင့် ဦးနေအောင်ရဲမြင့်တို့အပေါ် စီရင်ချက် အမိန့်ချမှတ်

**နေပြည်တော် မေ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်း၏ ဆောင်ရွက်ချက်များအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခံရန် ဆောင်ရွက်နေသည့်အချိန်တွင် ဒေသခံ ပြည်သူလူထု ထောက်ခံမှုရရှိစေရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇ ဖြင့် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းကို လိုက်နာမှုမရှိဘဲ မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်(၈၅/၀)မှ ကြာပင်ကျေးရွာသို့ ဆက်သွယ်ထားသော လမ်းအား ငွေစာရင်းခေါင်းစဉ် လျာထားသတ်မှတ်မှုမရှိဘဲ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးက လမ်းဦးစီးဌာန ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ် ၅၆၂ သန်းကျော်ဖြင့် သုံးစွဲစေရေး ဆောင်ရွက်စေခဲ့ခြင်း၊ မင်းကင်းမြို့နယ်တွင် ကျောက်အိုးတံတားအသစ်ကို ငွေလုံးငွေရင်း ရန်ပုံငွေမှလျာထားခွင့်ပြု ထားခြင်းမရှိဘဲ ဦးကျော်လင်း၏ လမ်းညွှန်ချက်ဖြင့် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က တံတားပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကျပ် သန်း ၁၂၀ ဖြင့် တည်ဆောက်စေခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ငွေကြေးများကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

ဦးကျော်လင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်စဉ် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီခရိုင်ရုံး ဆောက်လုပ်ရန်အတွက် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်ထံမှတစ်ဆင့်အဆောက်အဦအထူးအဖွဲ့ ၁၆ ဖွဲ့ရှိ လက်အောက်ဝန်ထမ်းများထံမှ ငွေကျပ်သိန်း ၃၀ ကို လက်ခံရယူခဲ့ကြောင်း။

ဦးကျော်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆောင်ရွက်နေသည့်အချိန်တွင် မင်းကင်းမြို့နယ်သို့ သွားရောက်သည့် ခရီးစဉ်များ၌ ဘုန်းတော်ကြီးကျောင်းများသို့ ဝင်ရောက် ဖူးမြော်၍ အလှူငွေနှင့် ဆန်အိတ်များ ပေးအပ်လှူဒါန်းရာတွင် ၎င်း၏ ညွှန်ကြားချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများမှ စီစဉ်ပေးသည့် ဆန်အိတ် ၆၈ အိတ်ကို ထိုက်သင့်သည့် တန်ဖိုးငွေပေးချေခြင်းမရှိဘဲ လက်ခံခဲ့ကြောင်း။

ဦးကျော်လင်းသည် ပါတီအောင်နိုင်ရေးတွင် အသုံးပြုရန် အကြောင်းပြ၍ အလှူငွေများကို ၎င်းကိုယ်တိုင်နှင့် ၎င်း၏ ကိုယ်ရေးအရာရှိဖြစ်သူမှတစ်ဆင့် ဆောက်လုပ်ရေးဝန်ထမ်းများနှင့် ဆောက်လုပ်ရေးကုမ္ပဏီများထံမှ စုစုပေါင်း ငွေကျပ် ၃၆၃ သိန်းကျော်ကို လက်ခံ၍ ရွေးကောက်ပွဲစည်းရုံးရေးအတွက် ပါတီအလံ၊ အင်္ကျီ၊ တီရှပ်၊ ဦးထုပ်နှင့် လက်ကမ်းစာစောင်များ ဝယ်ယူရာတွင် အသုံးပြုခဲ့ကြောင်း၊ ဆောက်လုပ်ရေးကုမ္ပဏီ နှစ်ခုထံမှ စုစုပေါင်း ငွေကျပ်သိန်း ၆၀၀ ကို ၎င်း၏ ကိုယ်ရေးအရာရှိမှတစ်ဆင့် လက်ခံရယူခဲ့ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဦးအောင်မြင့်ဦး၊ ဦးရဲမင်းဇော်နှင့် ဦးနေအောင်ရဲမြင့်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ အရ လည်းကောင်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၂၆/၂၀၂၁ မှ ၃၅/၂၀၂၁ အထိ အမှု ၁၀ မှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

၎င်းအမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က ယနေ့ရက်စွဲဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်း ဦးကျော်လင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန်၊ ညွှန်ကြားရေးမှူးချုပ်ဟောင်း ဦးအောင်မြင့်ဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ အရ အလုပ်နှင့်ထောင်ဒဏ် လေးနှစ် ကျခံစေရန်နှင့် ညွှန်ကြားရေးမှူးချုပ်ဟောင်း ဦးရဲမင်းဇော်နှင့် ဦးနေအောင်ရဲမြင့်တို့အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ဆရာကြီးဖြစ်သည့် မြဝတီရပ်ကွက်နေ ဦးသောင်းတင်ထွန်း ၅၅နှစ် (ဘ) ဦးကျော်ဝင်းသည် မေ ၂၁ ရက် နံနက်ပိုင်းတွင် မုံရွာ-ရေဦးကားလမ်းဘေးရှိ ၎င်း၏နေအိမ် ရှေ့၌ ဖွင့်လှစ်ထားသည့် တော်ဝင်ထွန်းဈေးဆိုင်၌ရှိနေစဉ် အကြမ်းဖက်သမား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး အကြမ်းဖက်သမား အမျိုးသားက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးခဲ့သဖြင့် ဦးသောင်းတင်ထွန်းတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ၎င်းအား ဘုတလင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရရှိခဲ့သည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသူအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

အပါအဝင် အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၁ ခုနှစ် အောက်တိုဘာမှ စတင်ကာ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာတွင် အာရှဖလား ခြေစစ်ပွဲ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တို့ ယှဉ်ပြိုင်ခဲ့ကာ ယင်းပြိုင်ပွဲများမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ကစားရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အဆင်မပြေခဲ့ဘဲ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီမှသာ ကစားခွင့်ရရှိခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တောင်ကိုရီးယားခရီးစဉ်သို့ ကစားသမား ၂၂ ဦးသာ ခေါ်ဆောင်သွားမည်ဖြစ်သည်။

ယင်းကစားသမားများအနက် အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူးဝင်းသိင်္ဂီထွန်းမှာ တောင်ကိုရီးယားခရီးစဉ်တွင် အသင်းနှင့် ပူးပေါင်းနိုင်ဦးမည်မဟုတ်ဘဲ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိမှသာ လာရောက်ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မေလ ပထမပတ်အထိ တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ တိုက်ရိုက် သွားရောက်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်က ကိုင်တွယ်နေပြီး လက်ရှိရွေးချယ်ထားသည့် လူစာရင်းတွင် စီနီယာကစားသမားများနှင့် လူငယ်ကစားသမားများ ပါဝင်လာသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ထိုင်း၊ စင်ကာပူ၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**ရဲရင့်လွင်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ထိုင်းနိုင်ငံ၌ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ရန်အတွက် ပြည်ဝင်ခွင့်စည်းကမ်းများ ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိ

ဘန်ကောက် မေ ၂၂

**ထိုင်းနိုင်ငံ၌ ခရီးသွားကဏ္ဍနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ရန် နောက်ဆုံးကြိုးစားအားထုတ်မှုအဖြစ် လာမည့်လတွင် နိုင်ငံတကာခရီးသွားများကို ပြည်ဝင်ခွင့် စည်းကမ်းချက်များ ထပ်မံဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။**



ထိုင်းနိုင်ငံလေဆိပ်၌ နိုင်ငံတကာခရီးသွားများကို တွေ့မြင်ရစဉ်။

ထိုင်းနိုင်ငံ၌ မေလ ၁ ရက်မှ စတင်၍ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသော ခရီးသွားများသည် နိုင်ငံအတွင်းရောက်ရှိချိန်တွင် ကိုဗစ်-၁၉ မဖြစ်မနေ စစ်ဆေးရန် ထပ်မံလိုအပ်တော့မည်မဟုတ်ကြောင်း ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးစင်တာ (CCSA) မှ ပြောရေးဆိုခွင့်ရှိသူ တာဝီစင် ဝီစာနူယိုသင်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

ထိုင်းနိုင်ငံသို့ မရောက်မီ ကိုဗစ်-၁၉ ကြိုတင်စစ်ဆေးရန် လိုအပ်ချက်ကိုလည်း ယခုလအစောပိုင်း၌ ထိုင်းနိုင်ငံက ပယ်ချခဲ့သည်။

ထိုင်းနိုင်ငံ၌ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမထားသည့် ခရီးသွားများမှာ ခရီးစဉ်မတိုင်မီ ၇၂ နာရီအတွင်း စစ်ဆေးထားသည့် RT-PCR စစ်ဆေးချက်ဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထားပြသနိုင်လျှင် အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူရန်မလိုကြောင်း သို့မဟုတ် လာရောက်လည်ပတ်သူများမှာ လေးရက် သို့မဟုတ် ငါးရက်အတွင်း စစ်ဆေးထားသည့် RT-PCR စစ်ဆေးမှုတစ်ခုနှင့်အတူ အသွားအလာကန့်သတ်စောင့်ကြည့်မှု ငါးရက်ခံယူရမည်ဖြစ်ကြောင်း တာဝီစင်က ဆက်လက်ပြောကြားသည်။ ထိုင်းနိုင်ငံသည် ခရီးသွားများ၏ ကိုဗစ်-၁၉ အာမခံကြေးကိုလည်း ယခင်က အမေရိကန်ဒေါ်လာ ၂၀၀၀၀ သတ်မှတ်ခဲ့ရာမှ ယခုအခါတွင် အနည်းဆုံး ၁၀၀၀၀ အထိ လျှော့ချပေးခဲ့သည်။

ထိုင်းနိုင်ငံသို့ မေ ၁ ရက်မှ ၂၀ ရက်တာကာလအတွင်း ခရီးသည် ၂၇၅၅၅၉ ဦး ဝင်ရောက်လာကြောင်း ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေး စင်တာ (CCSA) ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ပမာဏမှာ ယမန်နှစ်က ထိုင်းနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် နိုင်ငံခြားခရီးသည် စုစုပေါင်းအရေအတွက် ၄၂၇၈၆၉ ဦးနှင့် နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်အတွင်း ၆ ဒသမ ၂ ရာခိုင်နှုန်းလျော့နည်းကျဆင်းရာမှ ၂၀၂၁ ခုနှစ်အတွင်း ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုမှာ ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဟု ထိုင်းနိုင်ငံ ဗဟိုဘဏ်က မျှော်လင့်ထားသည်။

ထိုင်းနိုင်ငံ၌ မေ ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၁၈၀၈ ဦးရှိပြီး ကိုဗစ်-၁၉ ဖြင့် ထပ်မံသေဆုံးသူ ၁၂၈ ဦးရှိသည်။ ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းအရေအတွက်မှာ ၄ ဒသမ ၁၂ သန်းကျော်ရှိပြီး ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ စုစုပေါင်းအရေအတွက်မှာ ၂၇၅၂၀ ရှိကြောင်း ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးစင်တာ (CCSA) ၏ ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ

# မွန်ဂိုလီးယားနိုင်ငံ၌ သဲမုန်တိုင်းနှင့် နှင်းမုန်တိုင်းအန္တရာယ် သတိပေးချက်ထုတ်ပြန်

**အူလန်ဘာတာ မေ ၂၂**

မွန်ဂိုလီးယားနိုင်ငံ၌ အဝါရောင်သဲမုန်တိုင်းနှင့် နှင်းမုန်တိုင်း သတိပေးချက်တစ်စောင်ကို မိုးလေဝသနှင့် ပတ်ဝန်းကျင်စောင့်ကြည့်ရေး မွန်ဂိုလီးယားအမျိုးသားအေဂျင်စီက မေ ၂၂ ရက်က ထုတ်ပြန်လိုက်သည်။

လာမည့်ရက်သတ္တပတ်အတွင်း မွန်ဂိုလီးယားနိုင်ငံအနောက်ပိုင်းဒေသများသို့ လေပြင်းကျရောက်မှုနှင့် အဝါရောင်သဲမုန်တိုင်းများ ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း ရာသီဥတုစောင့်ကြည့်ရေးအေဂျင်စီက ပြောကြားသည်။

ဆက်လက်ပြီး သဲမုန်တိုင်းမှာ မွန်ဂိုလီးယားနိုင်ငံတောင်ပိုင်းဒေသများသို့ မေ ၂၅ ရက်မှ စတင်ဝင်ရောက်တိုက်ခတ်နိုင်ကြောင်းနှင့် နှင်းမုန်တိုင်းမှာလည်း နိုင်ငံမြောက်ပိုင်း ဒေသတစ်လျှောက် ဖြတ်သန်းဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း ရာသီဥတုစောင့်ကြည့်ရေးအေဂျင်စီက ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ပြည်သူများ အထူးသဖြင့် ယာဉ်မောင်းနှင်သူများနှင့် အိမ်ခြေအတည်တကျမရှိသော ခြံမွေးတိရစ္ဆာန်စောင့်ရှောက်သူများအား ဘေးအန္တရာယ် ကျရောက်နိုင်သည့်နေရာများကို သွားလာခြင်းမပြုဘဲ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရန် ရာသီဥတုစောင့်ကြည့်ရေး အေဂျင်စီက တိုက်တွန်းထားသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ရာသီဥတုအမျိုးအစား လေးမျိုးရှိပြီး နွေဦးရာသီတွင် လေပြင်းမုန်တိုင်း၊ သဲမုန်တိုင်းနှင့် နှင်းမုန်တိုင်းများမှာ ကျရောက်လေ့ရှိကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၏အစိတ်အပိုင်းအတော်များများ၌ ၂၀၂၁ ခုနှစ် မတ်လအတွင်း ပြင်းထန်သည့် သဲမုန်တိုင်းနှင့် နှင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှုကြောင့် စုစုပေါင်းအိမ်ခြေရာမဲ့ ၁၀ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**



မွန်ဂိုလီးယားနိုင်ငံ၌ သဲမုန်တိုင်းတိုက်ခတ်နေသည့်မြင်ကွင်းကို တွေ့ရစဉ်။

# ပြင်သစ်တရားရေးအာဏာပိုင်များက နစ်ဆန်းဥက္ကဋ္ဌဟောင်း ကားလို့စ်ဂိုဆန်ကို နိုင်ငံတကာဖမ်းဆီးမိန့် ထုတ်ပြန်

**ပါရီ မေ ၂၂**

နစ်ဆန်းမိတ်ဖက် ရေးနော့သ်၏ ရန်ပုံငွေများကို အလွဲသုံးသည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်ပြီး ပြင်သစ်တရားရေး အာဏာပိုင်များက နစ်ဆန်းဥက္ကဋ္ဌဟောင်း ကားလို့စ်ဂိုဆန်ကို နိုင်ငံတကာ ဖမ်းဆီးမိန့် ထုတ်ပြန်ခဲ့သည်။

အိုမန်နှင့် တခြားနေရာများတွင် ကားများကို ရောင်းဝယ်ဖောက်ကားနေသော ကားကုန်သည်သူဌေး ဂိုဆန်အတွက် ဖမ်းဆီးမိန့်ထုတ်ပြန်လိုက်ကြောင်း ပြင်သစ်အာဏာပိုင်များက အင်န်အိတ်ချ်ကေ သတင်းဌာနကို မေ ၂၂ ရက်က ပြောကြားလိုက်သည်။

ဂိုဆန်ကို ၎င်း၏ကိုယ်ပိုင်မင်္ဂလာဆည့်ခံပွဲတွင် ကုမ္ပဏီ၏ ငွေကြေးများကို အလွဲသုံးမှုဖြင့်လည်း သံသယရှိနေသည်။

ဂိုဆန်ကို ၂၀၁၈ ခုနှစ်က ဂျပန်တွင် ပထမဆုံးဖမ်းဆီးခဲ့သည်။

ဂျပန်၌ နစ်ဆန်းကားကုမ္ပဏီကို ဦးဆောင်နေစဉ် ငွေကြေးအလွဲသုံးမှုဆိုင်ရာ စွပ်စွဲမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

သို့သော်လည်း ၎င်းသည် လက်ဘနွန်သို့ ထွက်ပြေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အီရတ်နိုင်ငံ ဒီယာလာပြည်နယ်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံး

**ဘဂ္ဂဒက် မေ ၂၂**

အီရတ်နိုင်ငံအရှေ့ပိုင်း ပြည်နယ်တစ်ခုဖြစ်သော ဒီယာလာပြည်နယ်တွင် မေ ၂၂ ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုနှစ်ခုအတွင်း လူနှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်လုံခြုံရေး သတင်းရင်းမြစ်များတွင် ဖော်ပြသည်။

အီရတ်မြို့တော် ဘဂ္ဂဒက်၏ အရှေ့မြောက်ဘက် ၁၆၅ ကီလိုမီတာအကွာ ခါနာခင်မြို့အနီးရှိ ရွာတစ်ရွာအနီးရှိ အရပ်သားကားတစ်စီးနားတွင် လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ခဲ့ရာ လူနှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒီယာလာပြည်နယ်ရဲအရာရှိ အာလာအယ်လ်ဆာဒီက ပြောကြားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် ပိတ်ဆို့ဝန်းရံထားလိုက်ပြီး တိုက်ခိုက်ရေးသမားကိုရှာဖွေလျက်ရှိကြောင်း ဆာဒီက ပြောသည်။

တခြားတိုက်ခိုက်မှုတစ်ခုတွင်လည်း အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအသစ် ၁၁၁၆၀ ရှိ

**ဟန္နိုင်း မေ ၂၂**

ဗီယက်နမ်နိုင်ငံတွင် မေ ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၁၆၀ ရှိပြီး လွန်ခဲ့သောရက်ကထက် ၈၆၉ ဦး ကျဆင်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ကူးစက်ဖြစ်ပွားသူအသစ်များမှာ ပြည်တွင်းကူးစက်ဖြစ်ပွားမှုများဖြစ်ကြသည်။

ဗီယက်နမ်မြို့တော်ဟန္နိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဗဟိုချက်နေရာအဖြစ်ဆက်လက်ကျန်ရှိနေသေးကြောင်း သိရသည်။

ဆင်ဟွာ

# ဧပြီ ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

(၂၂–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၅၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၈၂,၃၇၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၇၁၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၅၈၃) ဦး ရှိပြီဖြစ်ပါ သည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

သို့ဖြစ်ပါ၍ (၃–၄–၂၀၂၂)ရက်နေ့မှစ၍ ယနေ့အထိ (၂၀)ရက် ဆက်တိုက် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇–၄–၂၀၂၂) ရက်နေ့မှစတင်၍ ယနေ့အထိ (၁၆)ရက်ဆက်တိုက် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၂–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၅၉) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၅) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၅) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၂၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၄၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၇၃၅) ခု | (၈) ဦး |
| စုစုပေါင်း | (၁၁,၅၄၉) ခု | (၁၇) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ် နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၂-၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၅၃၀၅၈ | ၈၀၃၅၃၈၉ | ၁၀၁၇၆၀၉ |
| ၂။ | အိန္ဒိယ | ၄၃၀၅၂၄၂၅ | ၄၂၅၁၆၀၆၈ | ၅၂၂၁၁၆ |
| ၃။ | ဘရာဇီး | ၃၀၃၃၀၆၂၉ | ၂၉၃၅၃၃၉၈ | ၆၆၂၅၅၆ |
| ၄။ | ပြင်သစ် | ၂၈၀၇၆၀၁၇ | ၂၅၆၁၈၆၇၃ | ၁၄၄၇၉၉ |
| ၅။ | ဂျာမနီ | ၂၃၉၁၅၄၃၇ | ၂၁၀၅၈၀၀၀ | ၁၃၄၂၈၄ |
| ၆။ | ဗြိတိန် | ၂၁၉၀၉၅၀၉ | ၂၀၆၅၂၉၃၇ | ၁၇၃၀၃၂ |
| ၇။ | ရုရှား | ၁၈၁၁၉၈၆၂ | ၁၇၄၅၁၀၉၀ | ၃၇၄၅၆၃ |
| ၈။ | တောင်ကိုရီးယား | ၁၆၇၅၅၀၅၅ | စိစစ်ဆဲ | ၂၁၈၇၃ |
| ၉။ | အီတလီ | ၁၅၉၃၄၄၃၇ | ၁၄၅၄၉၃၆၀ | ၁၆၂၂၆၄ |
| ၁၀။ | တူရကီ | ၁၅၀၁၀၇၁၈ | ၁၄၈၁၇၂၅၈ | ၉၈၆၄၅ |

## ၂၂-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၅၄၄၃၂၄ | ၉၀၇၉၂၆၅ | ၄၂၉၉၈ |
| အင်ဒိုနီးရှား | ၆၀၄၃၂၄၆ | ၅၈၆၆၁၆၉ | ၁၅၆၀၄၀ |
| မလေးရှား | ၄၄၁၅၁၀၁ | ၄၂၉၁၄၄၇ | ၃၅၄၇၀ |
| ထိုင်း | ၄၁၂၈၀၃၈ | ၃၉၀၉၇၃၈ | ၂၇၅၂၃ |
| ဖိလစ်ပိုင် | ၃၆၈၄၀၉၄ | ၃၆၀၈၁၀၉၄ | ၆၀၁၁၈ |
| စင်ကာပူ | ၁၁၇၄၃၉၀ | ၁၁၀၄၈၄၁ | ၁၃၂၂ |
| မြန်မာ | ၆၁၂၇၁၄ | ၅၉၁၅၈၃ | ၁၉၄၃၄ |
| လာအို | ၂၀၃၅၄၅ | ၂၀၁၀၅၇ | ၇၃၀ |
| ဘရူနိုင်း | ၁၄၀၈၇၃ | ၁၃၉၅၂၃ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၁၇၂ | ၁၃၂၈၈၀ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့် (၂၀) ကြာဆေးကြောပါ။

# လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြိုးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ရွေးကြစို့

ကိုရင်အောင်မိုး(MOALI)

ယနေ့ကမ္ဘာမှာ ကပ်ရောဂါလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အားယူနေကြပြီဖြစ်သလို ငွေကြေးမတည်ငြိမ်မှုနှင့် စီးပွားရေးကျပ်တည်းမှုများမှ လွတ်မြောက်ရေးကိုလည်း နိုင်ငံအသီးသီးက ကြိုးစားရုန်းကန်နေကြချိန် ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ သက်ဆိုင်ရာ မိခင်နိုင်ငံရဲ့ အခြေခံစီးပွားရေးလုပ်ငန်းများအပေါ် မူတည်ပြီး လုပ်ငန်းတွေအောင်မြင်စွာ လည်ပတ်နိုင်ရေးနဲ့ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အလုပ်အကိုင် ရရှိနိုင်မယ့် အခွင့်အလမ်းတွေဟာလည်း ကွဲပြားလျက်ရှိကြပါတယ်။

ဒစ်ဂျစ်တယ်ထိန်းချုပ်စနစ်နဲ့ ကုန်ထုတ်လုပ်နေတဲ့ စက်မှုနိုင်ငံတွေမှာ လုပ်သားလိုအပ်ချက်လျော့ချမှုတွေရှိပေမယ့်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို အခြေခံတဲ့ မိမိတို့နိုင်ငံမှာတော့ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရှိနေပါသေးတယ်။ မိုးလေဝသအခြေအနေအပေါ် သုံးသပ်ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေ၊ ပိုးမွှားရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းတွေအပြင် အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးလုပ်ငန်းစဉ်တွေပါဝင်လို့ ကျွမ်းကျင်တဲ့ လူသားအရင်းအမြစ်လိုအပ်ချက်က မြင့်မားနေဦးမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူတွေအနေနဲ့ အစိုးရဌာနတွေ၊ ပုဂ္ဂလိကလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ရုံသာမက ကိုယ်တိုင် စွန့်ဦးတီထွင်လုပ်ကိုင်ပြီး လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ် ကြိုးစားနိုင်တဲ့ အခွင့်အလမ်းတွေလည်း ရှိနေပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာမှာလည်း ကျွမ်းကျင်မှုရှိသူကိုသာ လုပ်ငန်းခွင်တွေက ခေါ်ယူအသုံးပြုကြတာဖြစ်သလို ကိုယ်ပိုင်စီးပွားရေးလုပ်ပါကလည်း သမားရိုးကျ ရုန်းကန်လှုပ်ရှားသူထက် နည်းပညာတွေကို စနစ်တကျ သင်ယူတတ်မြောက်ထားသူက လုပ်ငန်းအောင်မြင်ဖို့အခွင့်အလမ်း ပိုမိုသာလွန်မှာ ဖြစ်ပါတယ်။




### စိုက်ပျိုးရေးသိပ္ပံကျောင်းများ

မြန်မာနိုင်ငံအနှံ့အပြားက အခြေခံပညာအထက်တန်းပညာ အောင်မြင်ပြီးသူ လူငယ်မောင်မယ်တွေ စိုက်ပျိုးရေးကို အသက်မွေးဝမ်းကျောင်းပညာရပ်အနေနဲ့ စနစ်တကျ လေ့လာသင်ယူနိုင်ကြစေဖို့ ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဖွဲကပင်၊ လုံပီး၊ ကျောက်တော်၊ ဟုမ္မလင်း စတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်တွေ မွေးထုတ်ပေးနိုင်ရေး ဖွင့်လှစ်ထားတာဖြစ်ပါတယ်။

### များစွာအရေးပါလျက်ရှိ

တကယ်တော့ စိုက်ပျိုးရေးတက္ကသိုလ်က အဆင့်မြင့်နည်းပညာရှင်တွေလိုပါပဲ။ စိုက်ပျိုးမွေးမြူရေးအခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူတွေရဲ့ အခန်းကဏ္ဍဟာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံလို စိုက်ပျိုးရေးနိုင်ငံမှာ များစွာအရေးပါလျက်ရှိနေပါတယ်။ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်တာထက် ခေတ်မီနည်းစနစ်တွေကို အသုံးချလုပ်ကိုင်နိုင်မှသာ အရည်အသွေးမြင့်မားတဲ့ ထုတ်ကုန်တွေ၊ ဈေးကွက်ဝင်တဲ့ ထုတ်လုပ်မှုတွေ ဖြစ်လာမှာပါ။

တစ်နည်းအားဖြင့် စိုက်ပျိုးရေးပညာ စနစ်တကျတတ်ကျွမ်းလို့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ တိုးပွားလာတာနဲ့အမျှ လယ်ယာကဏ္ဍရဲ့ ထွက်ကုန်ပစ္စည်း အရည်အသွေးနဲ့ ထုတ်လုပ်မှုတန်ဖိုးဟာလည်း သိသိသာသာ တိုးတက်လာမှာဖြစ်ပါတယ်။ နမူနာအနေနဲ့ပြောရရင် သွင်းအားစုတွေမှာပါဝင်တဲ့ ဓာတ်ပစ္စည်းတွေရဲ့အာနိသင်ကို စနစ်တကျသင်ယူသိရှိထားသူအနေနဲ့ ရော်ရမ်းမှန်းဆပြီး အတိုင်းအဆမဲ့အသုံးပြုမိတာကို ကျော်လွှားနိုင်မှာဖြစ်သလို ခေတ်မီနည်းပညာဖြန့်ဝေရေးလုပ်ငန်းတွေမှာလည်း ပညာတတ်အကျိုးဆောင်တောင်သူတွေအဖြစ် အထောက်အကူပြုနိုင်ကြမှာဖြစ်လို့ နည်းပညာပြန့်ပွားရေးကွန်ရက်လည်း ပိုမိုကျယ်ပြန့်ခိုင်မာလာမှာဖြစ်ပါတယ်။

### သင်ရိုးညွှန်းတမ်းနဲ့ သင်တန်းကာလ

ဒီလို လက်တွေ့အသုံးချပညာရပ်တွေကို ထိထိရောက်ရောက်သင်ကြားပေးနိုင်ဖို့ သင်ရိုးညွှန်းတမ်းတွေနဲ့ သင်ကြားမှုပုံစံတွေ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရှိပြီးဖြစ်တဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေရဲ့ လက်တွေ့သင်ကြားမှုမှာ ကျောင်းတွေတည်ရှိရာဒေသ၊ ရေမြေ၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ သီးနှံအမျိုးအစားတွေကို ဦးစားပေးစိုက်ပျိုးပြသကြပြီး ဈေးကွက်လိုအပ်ချက်နဲ့ ဈေးကွက်အလားအလာအပေါ် သုံးသပ်နိုင်ရေးကိုပါ စနစ်တကျပို့ချပေးနေကြပါတယ်။ ဒါကြောင့်လည်း မတူညီတဲ့ဒေသအသီးသီးမှာရှိတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေကနေ သီးနှံအလိုက် ကျွမ်းကျင်မှုရှိပြီး အရည်အချင်းပြည့်ဝတဲ့သူတွေအဖြစ် မွေးထုတ်ပေးနေနိုင်တာလည်း ဖြစ်ပါတယ်။

စိုက်ပျိုးရေးသိပ္ပံတွေရဲ့ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး သင်တန်းကာလအတွင်း လယ်ယာသီးနှံစိုက်ပျိုးရေး၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ စိုက်ပျိုးရေးဓာတုဗေဒ၊ စိုက်ပျိုးရေးရုက္ခဗေဒ၊ သီးနှံကာကွယ်ရေး၊ လယ်ယာစက်မှုလက်မှု၊ စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေး၊ လယ်ယာမြေ စီမံခန့်ခွဲမှုနှင့်စာရင်းအင်းပညာ ဘာသာရပ်တွေပို့ချပေးမှာဖြစ်ပြီး ပထမနှစ်နဲ့ဒုတိယနှစ်မှာ အင်္ဂလိပ်စာဘာသာရပ်၊ ပထမနှစ်သင်တန်းမှာတော့ သင်္ချာ၊ ရူပဗေဒ၊ ICT နဲ့ လူမှုဆက်ဆံရေး ကျွမ်းကျင်မှုဘာသာရပ်(Social Skill)တွေ ဖြည့်စွက်ပါဝင်ပြီး သင်တန်းတွေအားလုံးမှာ စာတွေ့လက်တွေ့ သင်ကြားမှုအချိုး (၄၀ : ၆၀) ဖြစ်ပါတယ်။ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေမှာ အသက် ၂၂ နှစ်ထက်မကြီးသူ၊ အခြေခံပညာအထက်တန်းကို ဓာတုဗေဒ၊ ရူပဗေဒ ဘာသာတွဲနဲ့အောင်မြင်ပြီး ကျန်းမာသန်စွမ်းသူတွေ တက်ရောက်နိုင်ကြပါတယ်။

### မွေးမြူရေးဒီပလိုမာသင်တန်း

ထူးခြားချက်အနေနဲ့ မွေးမြူရေးဒီပလိုမာသင်တန်းကို အခု ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်ကစပြီး ပျဉ်းမနား၊ ပုသိမ်ကြီးနဲ့ ဟဲဟိုး စိုက်ပျိုးရေးသိပ္ပံကျောင်း သုံးကျောင်းမှာ စတင်ဖွင့်လှစ်ပို့ချပေးမှာဖြစ်ပြီး ကျန်ရှိနေတဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေမှာလည်း စာသင်နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်ပေးသွားမှာဖြစ်တယ်လို့ သိရှိရပါတယ်။ မွေးမြူရေးဒီပလိုမာသင်တန်းတွေအတွက် သင်ရိုးညွှန်းတမ်းအသစ်နဲ့ ဘာသာရပ်အလိုက် ကျွမ်းကျင်သူ နည်းပြတွေ၊ စာတွေ့လက်တွေ့ သင်ခန်းစာတွေအတွက် လိုအပ်တဲ့ သင်ထောက်ကူ အဆောက်အအုံတွေ၊ ပစ္စည်းတွေနဲ့ မွေးမြူရေးတိရစ္ဆာန်တွေ ဖြည့်ဆည်းထားရှိပြီးဖြစ်လို့ မွေးမြူရေးလုပ်ငန်းကို စနစ်တကျ လေ့လာသင်ယူလိုကြတဲ့ လူငယ်မောင်မယ်တွေအနေနဲ့ သင်တန်းကျောင်းတွေမှာ ဆက်သွယ်စုံစမ်းနိုင်ကြပြီ ဖြစ်ပါတယ်။

စိုက်ပျိုးရေးသိပ္ပံကျောင်းတွေနဲ့ မွေးမြူရေးဒီပလိုမာသင်တန်းတွေကို ကောလိပ်အဆင့် တိုးမြှင့်ပေးနိုင်ဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းနေပြီး လက်ရှိသင်တန်းတွေက သတ်မှတ်အရည်အချင်း ပြည့်မီသူတွေအနေနဲ့လည်း စိုက်ပျိုးရေးတက္ကသိုလ်နဲ့ မွေးမြူရေးဆိုင်ရာတက္ကသိုလ်တွေကို ပေါင်းကူးတက်ရောက်နိုင်ကြမှာဖြစ်ပါတယ်။ ဒါ့အပြင် သင်တန်းပြီးဆုံးအောင်မြင်သူတွေအတွက် အလုပ်အကိုင်ရရှိရေးကိုလည်း သက်ဆိုင်ရာဌာနတွေ၊ ပုဂ္ဂလိကတွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားတယ်လို့ သိရပါတယ်။

စိုက်ပျိုးရေးသိပ္ပံတွေမှာ စိုက်ပျိုးရေးဒီပလိုမာအဆင့်ထိ တက်ရောက်သင်ယူနိုင်ပြီး အဲဒီကတစ်ဆင့်

*စာမျက်နှာ ၁၇ သို့*

**စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာကျောင်းဆင်းဦးရေ(ယနေ့ထိ)**

| စဉ် | သိပ္ပံအမည် | စိုက်ပျိုးရေးဒီပလိုမာ | မွေးမြူရေးဒီပလိုမာ | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ပျဉ်းမနား | ၅၀၈၀ | ၁၁၄ | ၅၁၉၄ |
| ၂။ | သထုံ | ၃၀၇၄ | ၉၄ | ၃၁၆၈ |
| ၃။ | မြောင်းမြ | ၂၀၃၆ | ၄၅ | ၂၀၈၁ |
| ၄။ | ရွှေဘို | ၂၄၇၉ | ၄၃ | ၂၅၂၂ |
| ၅။ | ပုသိမ်ကြီး | ၂၅၃၉ | ၆၇ | ၂၆၀၆ |
| ၆။ | ပွင့်ဖြူ | ၃၁၅၉ | ၁၅ | ၃၁၇၄ |
| ၇။ | သာယာဝတီ | ၂၄၀၇ | ၃၉ | ၂၄၄၆ |
| ၈။ | ထားဝယ် | ၃၀၇ | - | ၃၀၇ |
| ၉။ | ဟဲဟိုး | ၆၂၂ | - | ၆၂၂ |
| ၁၀။ | မြစ်ကြီးနား | ၃၈၉ | - | ၃၈၉ |
| ၁၁။ | ဒီးမော့ဆို | ၂၆၆ | - | ၂၆၆ |
| ၁၂။ | ဖွဲကပင် | ၂၁၀ | - | ၂၁၀ |
| ၁၃။ | လုံပီး | ၁၃၂ | - | ၁၃၂ |
| ၁၄။ | ကျောက်တော် | ၂၁၉ | - | ၂၁၉ |
| | စုစုပေါင်း | ၂၂၉၁၉ | ၄၁၇ | ၂၃၃၃၆ |

- ❒ **စိုက်ပျိုးမွေးမြူရေးအခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူတွေရဲ့ အခန်းကဏ္ဍဟာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံလို စိုက်ပျိုးရေးနိုင်ငံမှာ များစွာအရေးပါလျက်ရှိနေပါတယ်။ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်တာထက် ခေတ်မီနည်းစနစ်တွေကို အသုံးချလုပ်ကိုင်နိုင်မှသာ အရည်အသွေးမြင့်မားတဲ့ ထုတ်ကုန်တွေ၊ ဈေးကွက်ဝင်တဲ့ ထုတ်လုပ်မှုတွေ ဖြစ်လာမှာပါ**
- ❒ **တစ်နည်းအားဖြင့် စိုက်ပျိုးရေးပညာ စနစ်တကျတတ်ကျွမ်းလို့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ တိုးပွားလာတာနဲ့အမျှ လယ်ယာကဏ္ဍရဲ့ ထွက်ကုန်ပစ္စည်း အရည်အသွေးနဲ့ ထုတ်လုပ်မှုတန်ဖိုးဟာလည်း သိသိသာသာတိုးတက်လာမှာ ဖြစ်ပါတယ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၃-၄-၂၀၂၂ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၄)၊ အမှတ် (၁၇)** ၌ သူတစ်ပါးကို ကူညီပေးပါက မိမိတွင် ဒုက္ခနှင့်ကြုံတွေ့သည့်အခါ အကူအညီပြန်ရနိုင်ပုံကို ရေးဖွဲ့ထားသည့် "အတုံ့အလှည့်" မျက်နှာဖုံးဇာတ်လမ်း၊ မြန်မာ့တူရိယာတစ်မျိုးဖြစ်သည့် စည်တို အကြောင်းကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် "စည်တို" သုတဆောင်းပါး၊ ကလေးတို့အနေဖြင့် မိမိဘဝကို ကောင်းစွာနားလည်သိရှိကာ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ပြုမူနေထိုင်တတ်စေရန် သရုပ်ဖော်တင်ဆက်ထားသည့် "ဒေါ့ကြောင့်ကိုး" နှစ်မျက်နှာကာတွန်း၊ ရိုးသားစွာ ကြိုးစားလုပ်ကိုင်ပါက သူတစ်ပါး၏ ကူညီစောင်မမှုကို ရရှိနိုင်ကြောင်းနှင့် ကောက်ကျစ်စဉ်းလဲပါက ဒုက္ခတွေ့နိုင်ပုံကို ရေးဖွဲ့ထားသည့် "ရိုးသားခြင်းလက်ဆောင်" ပုံပြင်၊ မိခင်ရင်ခွင်သည် သားသမီးများနားခိုရန် အကောင်းဆုံးရင်ခွင်ဖြစ်ကြောင်းကို တင်ဆက်ထားသည့် "အနွေးဆုံးရင်ခွင်" တစ်မျက်နှာကာတွန်း၊ ကလေးများအနေဖြင့် အချိန်ကို အကျိုးရှိရှိအသုံးချတတ်စေရန် ပညာပေး တင်ဆက်ထားသည့် "အချိန်" ဝတ္ထု၊ မည်သည့်အလုပ်မျိုးကို လုပ်ကိုင်သည်ဖြစ်စေ စည်းစနစ်တကျနှင့် အချိန်မှန်မှန် ဆောင်ရွက်သင့်ကြောင်းကို သရုပ်ဖော်ရေးဖွဲ့ထားသည့် "နည်းမှန်လမ်းမှန်" နှစ်မျက်နှာကာတွန်း၊ ကလေးများအနေဖြင့် ကျောင်းပိတ်ရက်တွင် ရပ်ရွာအကျိုးကို မိမိတို့တတ်စွမ်းသမျှ ဆောင်ရွက်သင့်ကြောင်း ရေးဖွဲ့ထားသည့် "ဆုရတီအောင် - ပွင့်လင်းရာသီ" နှစ်မျက်နှာကာတွန်း၊ Adjective အကြောင်းကို ဥပမာဝါကျများဖြင့် တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ"




အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ရွှေသွေးတို့ လက်ရာကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ လက်အိတ် ၁၃ တန်၊ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ နှာခေါင်းစည်း Mask ၅၄ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



# "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဖလား အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပမည်

**ဟိုပန် ဧပြီ ၂၂**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဖလား အမျိုးသမီးအလွတ်တန်း ဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဟိုပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဧပြီ ၂၁ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ဟိုပန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းထိုက်က မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဖလား အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲကို ဧပြီ ၂၅ ရက်မှစတင်၍ ဟိုပန်အားကစားကွင်းအတွင်း၌ ကျင်းပမည်ဖြစ်၍ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ပွဲဖြစ်မြောက်ရေးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးကော်မတီ၊ ပြန်ကြား/ ကြိုဆိုနေရာချထားရေး/ ဖိတ်ကြားရေးနှင့် ဧည့်ခံကျွေးမွေးရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ၊ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးကော်မတီ၊ ကျန်းမာရေးကော်မတီနှင့် အားကစားသမားများ အသက်စိစစ်ရေးကော်မတီစသည့် ဆပ်ကော်မတီအဖွဲ့ ဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြကြသည်။

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဖလား အမျိုးသမီးအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ဧပြီ ၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယနေ့အထိ ပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းထားသော ဘောလုံးအသင်းများမှာ ဟိုလီ၊ ကွမ်းလုံ၊ သံလွင်စတား၊ ကာလာဖူ၊ ကချင်စတား၊ မျိုးဆက်သစ် ဘောလုံးအသင်း ခြောက်သင်းရှိကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မန်ယူအသင်းသည် နည်းပြသစ်အဖြစ် အိုင်းယက်စ်နည်းပြ တန်ဟတ်ကို ခန့်အပ်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် နည်းပြသစ်အဖြစ် အိုင်းယက်စ်နည်းပြ တန်ဟတ်ကို ခန့်အပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် တန်ဟတ်သည် ၂၀၁၃ ခုနှစ် နည်းပြဖာဂူဆန်အနားယူပြီး နောက်ပိုင်း မန်ယူအသင်း၏ ငါးဦးမြောက် နည်းပြဖြစ်လာမည်ဖြစ်သည်။

အသက် ၅၂ နှစ်အရွယ်ရှိ နယ်သာလန်လူမျိုးနည်းပြ တန်ဟတ်သည် မန်ယူအသင်း၌ သုံးနှစ်စာချုပ်ဖြင့် ရာသီကုန်တွင် ယာယီနည်းပြ ရန်းနစ်ခ်၏ နေရာကို အစားထိုးတာဝန်ယူမည်ဖြစ်သည်။ လက်ရှိတွင် မန်ယူအသင်းသည် ပရီမီယာလိဂ် ၃၃ ပွဲကစားပြီး ၅၄ မှတ်ဖြင့် အဆင့် (၆) နေရာတွင် ရပ်တည်နေသည်။ ထို့အပြင် မန်ယူအသင်းသည် ယခုနှစ်ရာသီတွင် အသင်းရလဒ်ဆိုးရွားလာမှုကြောင့် ဖလားလက်မဲ့ရာသီကို ဆက်လက်ဖြတ်သန်းရဦးမည် ဖြစ်သည်။

နည်းပြ တန်ဟတ်သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် အိုင်းယက်စ်အသင်း နည်းပြဖြစ်လာခဲ့ပြီး အမှတ်ပေးဖလားနှစ်ကြိမ်နှင့် KNVB ဖလားနှစ်ကြိမ် ဆွတ်ခူးထားသူဖြစ်သည်။

**အောင်ဇော်**

*စာမျက်နှာ ၁၆ မှ*

စိုက်ပျိုးရေးတက္ကသိုလ်တက်ရောက်ပြီး စိုက်ပျိုးရေးဘွဲ့ပညာရှင်အဆင့်၊ အဲဒီမှ မဟာသိပ္ပံအဆင့်၊ ပါရဂူအဆင့်ထိတက်ရောက်နိုင်တဲ့ အခွင့်အလမ်းတွေ ရရှိနိုင်ပါတယ်။ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေက တစ်ဆင့် စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့ရရှိပြီးသူတွေထဲက နိုင်ငံတာဝန်ထမ်းဆောင်ခဲ့ကြသူတွေ၊ တာဝန်ထမ်းဆောင်ဆဲပုဂ္ဂိုလ်တွေလည်း ရှိကြပါတယ်။

ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးရေးသိပ္ပံအပါအဝင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းတွေ၊ အခြေခံပညာကျောင်းတွေ ပိတ်ထားခဲ့ရပြီး ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေးညွှန်ကြားချက်တွေနဲ့အညီ စိုက်ပျိုးရေးသိပ္ပံတွေရဲ့ သင်တန်းတစ်ခုချင်းကိုသာ ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် စိုက်ပျိုးရေးဒီပလိုမာ တတိယနှစ်သင်တန်းကို ၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ဇူလိုင်လ ၃၁ရက်နေ့အထိ ဖွင့်လှစ်ပေးခဲ့သလို စိုက်ပျိုးရေးဒီပလိုမာ ဒုတိယနှစ်သင်တန်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ဖွင့်လှစ်ပေး



**စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ထမနဲထိုးပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာ အစားအစာများ မိတ်ဆုံစားပွဲအခမ်းအနား။**

ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ်အနေနဲ့ ကျင်းပတဲ့ ထမနဲထိုးပြိုင်ပွဲ နဲ့ တိုင်းရင်းသားရိုးရာအစားအစာတွေ မိတ်ဆုံစားပွဲ အခမ်းအနားကိုလည်း ပြည်ထောင်စုဝန်ကြီးနဲ့ ဌာနအကြီးအကဲတွေကိုယ်တိုင် တက်ရောက်ကြပြီး ပျော်ရွှင်စွာကျင်းပပေးခဲ့ပါတယ်။ အလားတူ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်၊ စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားတွေကိုလည်း အခုနှစ် မတ်လအတွင်း သက်ဆိုင်ရာကျောင်းတွေမှာ အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် စိုက်ပျိုးရေးဒီပလိုမာ ပထမနှစ်၊ တတိယနှစ်သင်တန်းတွေနဲ့ ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းတွေကို အခုနှစ် မေလအတွင်း ပြန်လည်ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ပါကလည်း ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်တွေနဲ့အညီ ဘေးကင်းလုံခြုံစွာ သင်ကြားသင်ယူနိုင်ကြစေဖို့ ပြင်ဆင်ထားရှိပြီးဖြစ်လို့ ဒေသအသီးသီးက တိုင်းရင်းသား လူငယ်မောင်မယ်တွေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းသေချာမှုရှိတဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်သင်ယူမှု အခွင့်အလမ်းအဖြစ် စိုက်ပျိုးရေးသိပ္ပံကျောင်းတွေနဲ့ မွေးမြူရေးဒီပလိုမာ သင်တန်းတွေကို ရွေးချယ်နိုင်ကြစေဖို့ တိုက်တွန်းဖိတ်ခေါ်လိုက်ရပါတယ်။ ။

# မိုင်းယောင်းမြို့၌ သံဃာတော်များ၊ သာမဏေများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေး

မိုင်းယောင်း မေ ၂၂

**ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ရဟန်းသံဃာတော်များ၊ ရှင်သာမဏေများနှင့် ဒေသခံပြည်သူ ၇၀ အား မိုင်းယောင်းမြို့ ကျက်သရေဆောင် ဟိုခုံသာသနာ့ဗိမာန်တော်ကြီး၌ မေ ၂၂ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း သိရသည်။**

နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံနိုင်ရေး စီမံချက်များနှင့်အညီ ရဟန်းရှင်လူပြည်သူအပေါင်းအား ရာနှုန်းပြည့်ကာကွယ်ဆေးထိုးနိုင်ရေး၊ ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲသောဒေသများတွင် နေထိုင်သည့် ပြည်သူများ တစ်ဦးတစ်ယောက်မျှ မကျန်ရစေဘဲ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ဘုန်းတော်ကြီး ကျောင်းများမှ သံဃာတော်များ၊ ရှင်သာမဏေများနှင့် ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ဗျူဟာမှူး၊ တပ်နယ်မှူးနှင့် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမြတ်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



သံဃာတော်နှင့် သာမဏေများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# မိုင်းယုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံ

မိုင်းယု မေ ၂၂

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မိုင်းယုမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးသော ပြည်သူများအား ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို မေ ၂၁ ရက်က မြို့မရပ်ကွက်၌ စုရပ်ထားပြီး ထိုးနှံပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဦးတည်အုပ်စုအလိုက် ပထမအကြိမ်ထိုးနှံပြီးစီးသော မိုင်းယုမြို့မရပ်ကွက်မှ ပြည်သူ ၃၉ ဦး၊ မိုင်းလွေကျေးရွာအုပ်စုမှ ၁၄ ဦး၊ ဒွန်းနွဲ့ကျေးရွာအုပ်စုမှ နှစ်ဦးနှင့် တာကြန့်ကျေးရွာအုပ်စုမှ ၅၅ ဦး စုစုပေါင်းပြည်သူ ၁၁၀ အား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက် ထိုးနှံပေးခဲ့သည်။



ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးနှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးပြီး ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စနစ်တကျ ထိုးနှံပေးခဲ့ကာ ရပ်/ကျေးစာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံမှု ကျန်ရှိမနေစေရန် စနစ်တကျ မှတ်တမ်းရေးသွင်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပေါက်တောမြို့နယ်၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေး

ပေါက်တော မေ ၂၂

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ အသက် ၁၈ နှစ်နှင့်အထက် ဦးတည်အုပ်စုတွင် ပါဝင်သူများအား နဝမအသုတ်(ပထမ)အကြိမ်အဖြစ် Covaxin ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို သတ်မှတ်ထားသောဆေးထိုးစုရပ်နေရာများ၌ ယမန်နေ့က ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံခြင်းများအား စနစ်တကျ ထိုးနှံနိုင်စေရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စာရင်းကောက်ယူခြင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စေတနာ့ဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး နဝမအသုတ်(ပထမ)အကြိမ်ကို ယမန်နေ့က ပြည်သူ ၁၅၁၅ ဦး လာရောက်ထိုးနှံခဲ့ကြသည်။ ပေါက်တောမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဧပြီလအတွင်း ရာနှုန်းပြည့်ထိုးနှံပြီးစီးနိုင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်အထိ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု ၈၇ ဒသမ ၀၃ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ငါးသိုင်းချောင်း မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ဒေသခံပြည်သူများသို့ ဦးစားပေး ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း အစီအစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၂ ရက်က စည်ပင်သာယာမြို့မဈေးနှင့် အောင်ဆန်းရပ်ကွက်ဈေး၌ ဈေးရောင်း/ဈေးဝယ် ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း သက်သေခံလက်မှတ်များ လိုက်လံစစ်ဆေးခြင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး ကာကွယ်ဆေး မထိုးနှံရသေးသူများကို အဆိုပါဈေးများအတွင်း၌ တစ်ပါတည်း ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ငါးသိုင်းချောင်းမြို့ရှိကာကွယ်ဆေးထိုးစုရပ်ဖြစ်သည့် အမျိုးသားခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်) နှင့် (ဒုတိယအကြိမ်) ကာကွယ်ဆေးထိုးနှံရမည့်သူများကို ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေခံလက်မှတ်များ ထုတ်ပေးခြင်း၊ မြို့ပေါ်ရပ်ကွက် ခြောက်ခုရှိ သက်ဆိုင်ရာရပ်ကွက်ဆေးထိုးစုရပ်များ၌ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ရွှေဘိုရပ်ကွက်အတွင်း၌ အိမ်တိုင်ရာရောက် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံခြင်းအစီအစဉ်များကို ရေကြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးမျိုးမြင့်အောင်၊ ငါးသိုင်းချောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်နှင့် မြို့အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာန၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် အဆင်ပြေချောမွေ့စေရေး ကူညီဆောင်ရွက်ခြင်း၊ လှည့်လည်ကြည့်ရှုအားပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ဝါးခယ်မမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

ဝါးခယ်မ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်နေပြည်သူများ၊ ကျေးရွာနေပြည်သူများအနက် အသက် ၁၈ ပြည့်ပြီးသူတိုင်း တစ်ဦးတစ်ယောက်မကျန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြီးအစီး ထိုးနှံနိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီခွဲက ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် လမ်းသမိုင်ရွာလေးကျေးရွာအုပ်စု၊ ငှက်ကျကျေးရွာအုပ်စု၊ ပိုက်တန်းကျေးရွာအုပ်စုနှင့် ညောင်ငူကျေးရွာအုပ်စု၊ ကျုံပျော်ကျေးရွာ ဘုန်းကြီးကျောင်းတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနှင့်ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝါးခယ်မ (ပြန်/ဆက်)

# သရက်ချောင်းမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံရေးဆောင်ရွက်

သရက်ချောင်း မေ ၂၂

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံရေးအတွက် အသက် ၁၈ နှစ်နှင့်အထက် ပထမအကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး မထိုးနှံရသေးသောပြည်သူများနှင့် ဒုတိယအကြိမ် ထိုးနှံရန် ကျန်ရှိသူများအား ကာကွယ်ဆေးဆက်လက်ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက သရက်ချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် သရက်ချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦး ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများက လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

သားကြီး (သရက်ချောင်း)



# အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ဆန်နှင့်ဂျုံများကို သိုလှောင်ရုံများအတွင်း စနစ်တကျထားရှိ၊ ပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၂



အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့အဖြစ် လှူဒါန်းသည့် ဆန်နှင့်ဂျုံ တန်ချိန် ၂၇၀၀ ကို မြန်မာ့စက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ် ဆိပ်ကမ်းတို့မှ ကွန်တိန်နာများဖြင့် သယ်ယူပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဆိပ်ကမ်းသာလမ်း စက်မှုဇုန် (၆) သိုလှောင်ရုံသို့ပို့ဆောင်ကာ လှိုင်သာယာမြို့နယ်အရှေ့ပိုင်းနှင့် အနောက်ပိုင်း မြို့နယ်များအတွက် ယာယီစုပုံထားရှိ၍ ပြည်သူများ၏ လက်ဝယ်အရောက် ဖြန့်ဝေပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။(အပေါ်ပုံ) **သတင်းစဉ်**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

နေပြည်တော် ဧပြီ ၂၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၄-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၇၅/၂၂၈၀ ကျပ် | ၂၃၂၅/၂၃၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅/၂၃၁၀ ကျပ် | ၂၃၆၀/၂၄၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၃၀/၁၉၃၀ ကျပ် | ၁၉၈၀/၂၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၈၀/၂၀၀၀ ကျပ် | ၂၀၉၀/၂၂၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၃ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၅၀၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၇ . ၇၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၄ . ၈၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၁၈၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၆၀၀ | ၁၄၀ | ၁၀၇၂၈၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၅၈၉ | ၁၅၆၀၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၅ | ၁၃၂၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၄-၂၀၂၂ စနေနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ခေမျာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဟုဆိုရာဝယ်
- ၀၉:၄၀ ခေတ်အလိုက်ကြေးမုံပြင်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်မျိုးဆက်သစ်အစီအစဉ်
- ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၉)
- ၁၃:၃၀ MRTV National News
- ၁၄:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၂၉)
- ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'သက်တန့်လေးပျိုပျို'
- ၁၆:၅၀ ရွှေဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၁၅ ရှုလေမြင်လေကမ္ဘာမြေ
- ၁၇:၃၅ MRTV Travelogue
- ၁၇:၅၀ Road to 31[st] SEA Games Vietnam (ဘီလီယက်နှင့်စနူကာ)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၈၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ "ရွှေမဥ္ဇူ" အငြိမ့်

**mitv**

- 07:01 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- 07:08 Weekly Review
- 07:23 Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
- 07:42 Myanmar Designer Studio: Min Min Myat
- 08:01 Quiz Time
- 08:53 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
- 09:01 News
- 09:25 Global Partnership for Brighter Future: Yemen Pavilion at Expo 2020 Dubai
- 09:34 Ecotourism: The world Famous Novelist George Orwell's House
- 09:51 Products of Myanmar - Products Of The Loom

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ(အပိုင်း-၅)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရှေးဟောင်းသမိုင်းဝင်ဆန္ဒနီအိုင်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကြိတ်အေတွို

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ချစ်စရာမွန်ရိုးရာအိမ်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လေးရှင်းတောင်ပီးပြတိုက်ဟောင်း

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မောက်မယ်မြို့လေးတစ်နေရာကပန်းတမော့လက်မှုပညာ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
'ဝ' ရိုးရာခေါ်ပုတ်ထောင်းနည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာခလေ့ဆိုရိုးစကားများ (အပိုင်း-၃)

**ဝကကကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တိမ်တိုက်ကြားက ဘောဂလီမြို့

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ (၅၇)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ
- ၀၉:၁၅ Road to 31[st] SEA Games Vietnam (ဘီလီယက်နှင့်စနူကာ)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၃၀ တောင်သူအကျိုးကိုရည်မှန်းကာ ပျော်ဘွယ်မြို့နယ်မှ အထူးဇုန်စံပြစိုက်ကွက်ဝါ
- ၀၇:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- ၀၇:၅၀ မြေပဲစိုက်ပျိုးဝင်ငွေတိုး
- ၀၈:၀၀ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
- ၀၉:၄၀ သမိုင်းအစဉ်အလာကြီးမားတဲ့ တောင်ငူသားတို့ရဲ့ လယ်ကွင်းများဆီ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မန္တလေးပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ် သင်တန်း (၁/၂၂) သင်တန်းသား သင်တန်းသူများကြိုဆိုပွဲ ကျင်းပ

**မန္တလေး ဧပြီ ၂၂**

မန္တလေးပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း (၁/၂၂) သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ပညာခေတ်တွင် ဆရာ ဆရာမများက ပဲ့ကိုင်သူများဖြစ်ပြီး လိုရာသွားမည့်တပည့်များကို ပညာလှေကိုစီးပြီး အရောက်ပို့ပေးရန်အတွက် လှော်ခတ်ကြမည့်သူများ လည်းဖြစ်သည့်အတွက် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်နိုင်သည့် ပညာ့ဥယျာဉ်မှူးများဖြစ်ကြောင်း၊ ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာဖြစ်ပါကြောင်းနှင့် မိမိတတ်ထားသည့်ပညာဖြင့် ပြည်သူအတွက် တိုင်းပြည်အတွက် ထူးချွန်ထက်မြက်သော လူတော်လူကောင်းများပေါ်ထွက်လာအောင် ကြိုးစားသင်ကြားပေးသွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်မိုးမိုးကြည်က ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် လိုက်နာရမည့် စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း(၁/၂၂)သင်တန်းတွင် အထက်တန်းပြ၊



အလယ်တန်းပြနှင့် မူလတန်းကျောင်းအုပ် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၇၄ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ဇန်နဝါရီမှ နိုဝင်ဘာအထိဖြစ်ပြီး အနီးကပ်သင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၅ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မြစ်ကြီးနားပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ် သင်တန်း (၁/၂၀၂၂) သင်တန်းသား သင်တန်းသူများအားကြိုဆိုပွဲ ကျင်းပ

**မြစ်ကြီးနား ဧပြီ ၂၂**

ခေတ်မီတိုးတက်နေသော ယနေ့ခေတ်တွင် နိုင်ငံ့သားကောင်းများကို မွေးထုတ်လေ့ကျင့်ပေးရေးသည် ဆရာ ဆရာမများ၏ ပင်မတာဝန်အဖြစ် သဘောထားပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မြစ်ကြီးနားပညာရေး ဒီဂရီကောလိပ်၌ ဧပြီ ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည့် ပညာရေးဘွဲ့(B.Ed) စာပေးစာယူ ပထမနှစ်သင်တန်း (၁/၂၀၂၂) ဖွင့်ပွဲနှင့် သင်တန်းသား၊ သင်တန်းသူများအား ကြိုဆိုပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ထည့်သွင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ ၆၃၄ ဦးတို့အား သင်တန်းကာလအတွင်း လေ့ကျင့်သင်ယူခြင်းအားဖြင့် အနာဂတ်လူငယ်များကို လက်ဆင့်ကမ်းသင်ကြားနိုင်ရေးလည်း ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး ဒေါ်ဥမ္မာမြင့်က သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းကာလအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက သင်တန်းသား ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြည်နယ်(ပြန်/ဆက်)

# ကျိုင်းတုံပညာရေးဒီဂရီကောလိပ် B.Ed(စာပေးစာယူ) ပထမနှစ် သင်တန်းသား၊ သင်တန်းသူများကြိုဆိုပွဲနှင့် သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံပညာရေးဒီဂရီကောလိပ် ပညာဗိမာန်ခန်းမ၌ ပြုလုပ်သည့် ပညာရေးဒီဂရီကောလိပ်၊ B.Ed (စာပေးစာယူ) အမှတ်စဉ်(၁/၂၀၂၂) ပထမနှစ် သင်တန်းသား သင်တန်းသူများကို ကြိုဆိုပွဲနှင့် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျိုင်းတုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပထမနှစ်သင်တန်း တက်ရောက်မည့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပထမနှစ် သင်တန်းသား/ သင်တန်းသူများ ကြိုဆိုပွဲနှင့် သင်တန်းဖွင့်ပွဲကို ဖွင့်လှစ်ပေးပြီး ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ (ရှမ်းအရှေ့) အဖွဲ့ဝင် တစ်ဦးနှင့် ကျိုင်းတုံပညာရေးဒီဂရီကောလိပ် ကျောင်းအုပ် ဆရာမကြီးတို့က သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ ထို့နောက် တိုင်းမှူးက သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၅ ရက်အထိ သင်တန်းသား သင်တန်းသူ ၁၈၀ ဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း (၁/၂၂) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲ ကျင်းပ

**လွိုင်ကော် ဧပြီ ၂၂**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်သင်ပညာဦးစီးဌာန လွိုင်ကော်ပညာရေးဒီဂရီကောလိပ်၏ ၂၀၂၁ -၂၀၂၂ ပညာသင်နှစ် ပညာရေးဘွဲ့ B.Ed စာပေးစာယူ ပထမနှစ်သင်တန်း (၁/၂၀၂၂) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင် က နိုင်ငံတော်တည်ဆောက်ရေးတွင် စိတ်ဓာတ်ကောင်းမွန်ပြီး စည်းကမ်းလိုက်နာတတ်သည့် အတွေးအခေါ်အယူအဆ မှန်ကန်သော အသိပညာ၊ အတတ်ပညာများ ပြည့်ဝသည့် နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးနိုင်ရန် ဆရာ ဆရာမတို့၏ အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိကြောင်း၊ ကျောင်းသားကျောင်းသူများကို ပြုစုပျိုးထောင်ပေးရုံသာမက ရပ်ရွာလူထုကိုပါ ဦးဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင်မကဘဲ ကျန်းမာရေး၊ လူမှုရေးများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတို့မှာလည်း ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ပြီး လူထုအကျိုးပြုရမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချယ်ရီထွန်းနှင့် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးတို့က သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် ပညာရေးဘွဲ့ B.Ed စာပေးစာယူ ပထမနှစ်သင်တန်း(၁/၂၀၂၂)သို့ တက်ရောက်သည့် ဆရာ၊ဆရာမများအတွက် ထောက်ပံ့ငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆိုပါသင်တန်းသို့တက်ရောက်မည့် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ ၂၀၉ ဦးအား သင်တန်းကာလအတွင်း နံနက်စာ နေ့စဉ်လှူဒါန်းပေးသွားမည် ဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆိုပါ သင်တန်းသို့တက်ရောက်မည့် ဘောလခဲခရိုင်အတွင်းရှိ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအား တပ်မတော်ရဟတ်ယာဉ်ဖြင့် လွိုင်ကော်မြို့သို့ ပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဧပြီ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကြာရုံစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ အိမ်ရှေ့ပြင်ကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ မဟာအောင်မြေ ရွှေဘုံပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ရှိ ရွှေဂူပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ရွာလယ်ကျောင်း ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို သွားရောက်ဆက်ကပ်လှူဒါန်း ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြိုင်ဆိုင်မှုပြင်းထန်လာဦးမယ့် မာဆေးဆိုက်ဒါဘီ

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၃၄) မှာ အာဆင်နယ်နဲ့ မန်ယူ၊ ချယ်ဆီးနဲ့ ဝက်စ်ဟမ်း၊ လီဗာပူးနဲ့ အဲဗာတန်စတဲ့ အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာပါ။



## အာဆင်နယ် VS မန်ယူ

23–04–2022 | Game Week 34 | KO 18:00

အာဆင်နယ်အသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ ချယ်ဆီးကို အနိုင်ရရှိထားတယ်။ မန်ယူအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ လီဗာပူးကို ဂိုးပြတ် ရှုံးနိမ့်ထားတယ်။ နှစ်သင်းစလုံး ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်အတွက် အားစိုက်ကစားမှာဖြစ်ပေမယ့် အာဆင်နယ်နိုင်ဖွယ်ရာရှိတယ်။

## ဘရန့်ဖို့ဒ် VS စပါး

23–04–2022 | Game Week 34 | KO 23:00

ဘရန့်ဖို့ဒ်က ချယ်ဆီး၊ ဝက်စ်ဟမ်းအပါအဝင် နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိထားတယ်။ စပါးက ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်အတွက် ခြေကုန်ထုတ်လာမှာပါ။ မည်သို့ပင်ဆိုစေ နိုင်ပွဲဆက်နေတဲ့ ဘရန့်ဖို့ဒ်အသင်းအနေနဲ့ စပါးကို အနိုင်ရဖို့ မလွယ်ဘူး။

## မန်စီးတီး VS ဝက်ဖို့ဒ်

23–04–2022 | Game Week 34 | KO 20:30

မန်စီးတီးက အမှတ်ပေးဖလားဆွတ်ခူးရေးအတွက် အမှားခံမှာ မဟုတ်ဘူး။ ဝက်ဖို့ဒ်ကလည်း တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ခြေကုန်ထုတ်လာမှာပါ။ မည်သို့ပင်ဆိုစေ ဝက်ဖို့ဒ်အသင်းထက် မန်စီးတီးအသင်း ရလဒ်ကောင်း ရရှိဖွယ်ရှိတယ်။

## ချယ်ဆီး VS ဝက်စ်ဟမ်း

24–04–2022 | Game Week 34 | KO 19:30

ချယ်ဆီးက ပြီးခဲ့တဲ့ပွဲမှာ အာဆင်နယ်ကို ရှုံးနိမ့်ထားတာကြောင့် ယခုပွဲစဉ်မှာ နိုင်ပွဲရရှိရေး အားစိုက်ကစားလာမှာပါ။ ဝက်စ်ဟမ်းကလည်း ရလဒ်ကောင်းရရှိရေး ကြိုးစားလာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။

## လီဗာပူး VS အဲဗာတန်

24–04–2022 | Game Week 34 | KO 22:00

လီဗာပူးဟာ ဦးဆောင်သူမန်စီးတီးကို ထပ်ကြပ်မကွာဖိအားပေးနိုင်ဖို့၊ အဲဗာတန်ကို အနိုင်ရရှိဖို့ ခြေကုန်ထုတ်လာမှာပါ။ အဲဗာတန်အသင်းကလည်း တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ရမှတ်လိုအပ်ချက်ရှိနေတဲ့အတွက် အသင်းကို သေချာပြင်ဆင်လာမှာပါ။

## ဘန်လေ VS ဝုဖ်

24–04–2022 | Game Week 34 | KO 19:30

ဘန်လေအသင်းက တန်းဆင်းဇုန်အတွင်းကျရောက်နေတာကြောင့် အနိုင်ရရှိရေး ဦးတည်လာမှာပါ။ ဝုဖ်အသင်းကလည်း ပြီးခဲ့တဲ့ပွဲမှာ ကာဆယ်ကို တစ်ဂိုး–ဂိုးမရှိနဲ့ ရှုံးနိမ့်ထားတာကြောင့် ရလဒ်ကောင်းရရှိရေး ကြိုးစားလာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။

၂၀၂၁–၂၀၂၂ အင်္ဂလန်ချန်ပီယံရှစ်ဘောလုံးပွဲစဉ်တွေ ပြီးဆုံးဖို့ နီးကပ်လာတဲ့အချိန်မှာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိတဲ့ အသင်းတစ်သင်း ပေါ်ထွက်လာခဲ့ပြီဖြစ်တယ်။

# ပရီမီယာလိဂ်ကို ငါးနှစ်အတွင်း သုံးကြိမ်တန်းတက်ခွင့်ရရှိခဲ့တဲ့ ဆေးဗားလ်ရဲ့ ဖူလ်ဟမ်

ပေါ်တူဂီလူမျိုးနည်းပြ မာကိုဆေးဗားလ် တာဝန်ယူကိုင်တွယ်နေတဲ့ ဖူလ်ဟမ်အသင်းက ရာသီပြီးဆုံးဖို့ လေးပွဲအလိုမှာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိခဲ့တာ ဖြစ်တယ်။ ဒါဟာ ဖူလ်ဟမ်အသင်းရဲ့ ငါးနှစ်အတွင်းမှာ ပရီမီယာလိဂ်ကို သုံးကြိမ်မြောက် တန်းတက်ခွင့် ရရှိခဲ့တာလည်း ဖြစ်တယ်။

ဖူလ်ဟမ် အသင်းရဲ့ ၂၀၁၈–၂၀၁၉နဲ့ ၂၀၂၀–၂၀၂၁ ရာသီကိုကြည့်ရင် ပရီမီယာလိဂ်မှာ ကစားခဲ့တာ ဖြစ်တယ်။ ဒါပေမယ့် ရာသီပိတ်သိမ်းချိန်မှာ တန်းဆင်းဇုန်အတွင်းက ရုန်းမထွက်နိုင်ခဲ့တဲ့အတွက် ချန်ပီယံရှစ်ကို တန်းဆင်းခဲ့ရတာ ဖြစ်တယ်။

ယခုနှစ်ရာသီအစမှာ ဖူလ်ဟမ်အသင်းဟာ စကော့ပါကားနဲ့ လမ်းခွဲခဲ့ပြီး ဆေးဗားလ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့တယ်။ ဆေးဗားလ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ပြီးနောက် ဖူလ်ဟမ်အသင်း အနေနဲ့ အပြုသဘောဆောင်တဲ့ရလဒ်တွေ ပိုင်ဆိုင်လာကာ ချန်ပီယံရှစ် ၄၂ ပွဲမှာ ၈၆ မှတ်အထိ စုဆောင်းရရှိထားပြီး အမှတ်ပေးဇယားကို ဦးဆောင်ထားတယ်။ ဒါ့အပြင် ချန်ပီယံရှစ်အမှတ်ပေးဖလားကို ဆွတ်ခူးရန်လည်း လက်တစ်ကမ်းအလိုကို ရောက်ရှိလာပြီဖြစ်ပြီး ဧပြီ ၂၃ ရက်မှာ ဒုတိယနေရာမှ ဘုန်းမောက်ကို အနိုင်ရရှိခဲ့ရင် ဖလားဆွတ်ခူးနိုင်မှာ ဖြစ်တယ်။

> ဆေးဗားလ်ရဲ့ ဖူလ်ဟမ်အသင်းဟာ ဇန်နဝါရီလမှာ ရီးဒင်း၊ ဘရစ္စတိုးလ်၊ ဘာမင်ဂမ်တို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ သုံးပွဲမှာ ၁၉ ဂိုးအထိ သွင်းယူထားပြီး မှတ်တမ်းသစ်ရေးထိုးထားနိုင်တာ တွေ့ရတယ်။ ဒါဟာ အင်္ဂလန် ကလပ်တစ်သင်းအနေနဲ့ နှစ်ပေါင်း ၈၈ နှစ်အတွင်းမှာ သုံးပွဲဆက် ခြောက်ဂိုး သို့မဟုတ် ခြောက်ဂိုးနဲ့အထက် သွင်းယူနိုင်တဲ့ ပထမဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့

### လမ်းကြောင်းမှန်ပေါ် တည့်မတ်ပေးနိုင်

၂၀၂၁ ခုနှစ် ဇူလိုင်လမှာ ဖူလ်ဟမ်အသင်းကို စတင်တာဝန်ယူခဲ့တဲ့ ဆေးဗားလ်အနေနဲ့ လက်ရှိအချိန်မှာအသင်းကို လမ်းကြောင်းမှန်ပေါ် တည့်မတ်ပေးထားနိုင်ပြီး စုစုပေါင်း ၄၆ ပွဲ ကိုင်တွယ်ထားရာ ၂၈ ပွဲအထိ နိုင်ပွဲရရှိထားပြီး ကိုးပွဲသရေနဲ့ ကိုးပွဲသာ ရှုံးနိမ့်ထားတာ ဖြစ်တယ်။

ခံစစ်မှာ လုပ်အားနှုန်းကောင်းတဲ့ ဝီလီယံ၊ ဘရိုင်ယန်၊ ကွင်းလယ်မှာ ဖန်တီးမှုအားကောင်းတဲ့ ဆာနေ၊ရိဒ်၊တိုက်စစ်မှာ အဆုံးသတ်သေချာတဲ့ မီထရိုဗစ်၊ ဝီလ်ဆင်တို့ ပိုင်ဆိုင်ထားတဲ့ ဖူလ်ဟမ်အသင်း အနေနဲ့ ချန်ပီယံရှစ်မှာ ရဂိုး ၉၈ ဂိုးအထိရှိပြီး ပေးဂိုးက ၃၇ ဂိုးသာ ပြန်လည် ခွင့်ပြုပေးထားရတာကြောင့် တိုက်စစ်ထက်မြက်ပြီး ခံစစ်ကျစ်လျစ်တဲ့အသင်းအဖြစ် ရှိနေတာဖြစ်တယ်။ ဒါ့အပြင် ဆေးဗားလ်ရဲ့ ဖူလ်ဟမ်အသင်းဟာ ဇန်နဝါရီလမှာ ရီးဒင်း၊ ဘရစ္စတိုးလ်၊ ဘာမင်ဂမ်တို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ သုံးပွဲမှာ ၁၉ ဂိုးအထိ သွင်းယူထားပြီး မှတ်တမ်းသစ်ရေးထိုးထားနိုင်တာ တွေ့ရတယ်။ ဒါဟာ အင်္ဂလန် ကလပ်တစ်သင်းအနေနဲ့ နှစ်ပေါင်း ၈၈ နှစ်အတွင်းမှာ သုံးပွဲဆက် ခြောက်ဂိုး သို့မဟုတ် ခြောက်ဂိုးနဲ့အထက် သွင်းယူနိုင်တဲ့ ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်တယ်။

### နှစ်ဂိုးသာ လိုအပ်

တိုက်စစ်မှူး မီထရိုဗစ်ဆိုရင် ဧပြီ ၂၀ ရက်က ပရက်စ်တန်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိတဲ့ပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးရရှိခဲ့တာကြောင့် ချန်ပီယံရှစ်မှာ ပွဲ ၄၀ ကစားပြီး ဂိုး ၄၀ အထိ သွင်းယူထားနိုင်ပြီ ဖြစ်တယ်။ ဒါ့အပြင် မီထရိုဗစ်အနေနဲ့ ၁၉၉၃ ခုနှစ်က ချန်ပီယံရှစ်မှာ ပို့စ်မောက်အသင်းမှ ဝစ်တင်ဂမ်တင်ထားရှိခဲ့တဲ့ ၄၂ ဂိုးစံချိန်ကို လိုက်မီဖို့ နှစ်ဂိုးသာ လိုအပ်တော့တာ ဖြစ်တယ်။

### စုဖွဲ့မှုအားကောင်း

ပြောမယ်ဆိုရင် ဖူလ်ဟမ်အသင်းဟာ ၂၀၁၈–၁၉ မှာ ပရီမီယာလိဂ်ကို တန်းတက်တယ်။ နောက်ရာသီမှာ ချန်ပီယံရှစ်ကို တန်းဆင်းရတယ်။ ၂၀၂၀–၂၁ မှာ ပရီမီယာလိဂ်ကို တန်းတက်တယ်။ နောက်ရာသီမှာ ချန်ပီယံရှစ်ကို တန်းပြန်ဆင်းရတယ်။ နည်းပြ ဆေးဗားလ်လက်ထက်မှာ အသင်းရဲ့စုဖွဲ့မှုအားကောင်းလာတဲ့ ဖူလ်ဟမ်အသင်းအနေနဲ့ လာမယ့်နှစ်မှာတော့ အဲဒီလိုထပ်ဖြစ်တန်ရာ မရှိဘူးလို့ ကျွမ်းကျင်သူတွေက အကောက်အယူလုပ်ကြပေမယ့်လည်း တကယ်တမ်းလက်တွေ့မှာ မှန်းချက်နဲ့ နှမ်းထွက်မကိုက်တဲ့ သာဓကတွေ ရှိတော့ ခပ်မြင့်မြင့်မျှော်လင့်ဖို့ သိပ်ခက်တယ်။

ဒါကြောင့် ပရီမီယာလိဂ်ကို တစ်ကျော့ပြန်တန်းတက်ခွင့်ရရှိလာတဲ့ ဖူလ်ဟမ်အသင်းအား နည်းပြ ဆေးဗားလ်အနေနဲ့ လာမယ့်နှစ်မှာ တန်းမဆင်းရအောင် စွမ်းဆောင်ပေးသွားနိုင်မလား စောင့်ကြည့်ရမှာပါ။

ကမ္ဘာ့ရေးရာ GLOBAL AFFAIRS အမှတ်(၁၃) (မေ၊ ၂၀၂၂) ထွက်ရှိ




၂၀၂၂ မေလထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ် - ၁၃ တွင်
- ယူကရိန်းမှသည်
- ကစားပွဲကြီးကြီး လောင်းကြေးမြင့်မြင့် (Big Game, High Bet)
- ယူကရိန်း-ရုရှား ပဋိပက္ခနောက်ကြောင်း
- တရုတ်ရဲ့ ယူကရိန်းပြဿနာ
- ရုရှား-ယူကရိန်း စစ်ပွဲနှင့် ၁၉၇၉ ခုနှစ် တရုတ်-ဗီယက်နမ်စစ်ပွဲ ဘာကြောင့် ကွဲပြားခြားနားရတာလဲ
- ယူကရိန်းစစ်ပွဲလွန်ကမ္ဘာ့အား မှန်းဆခြင်း
- ရီကျင့်ဖျင်ပုံဖော်နေသော ကမ္ဘာ့အစီအစဉ်သစ်
- ဂလိုဘယ်အင်ဖလေးရှင်းဝေဒနာ ပြန်ထလာသလား
- ဂရပ်ဖ်များကပြောသော ကမ္ဘာ့အပြောင်းအလဲများ အပါအဝင် အခြား စိတ်ဝင်စားဖွယ်ရာဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်၊

တစ်အုပ် (၅၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်၊

မြန်မာ့ရေးရာ MYANMAR AFFAIRS အမှတ်(၁၉) (မေ၊ ၂၀၂၂) ထွက်ရှိ




၂၀၂၂ မေလထုတ် မြန်မာ့ရေးရာ အမှတ်စဉ် - ၁၉ တွင်
- ယနေ့မြန်မာအာဆီယံ ဆက်ဆံရေးအပေါ် ပထဝီနိုင်ငံရေး သမိုင်း အမြင်ရှုမြင်ချက်နှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှ ချဉ်းကပ်ခြင်း
- ပြောင်းလွယ်ပြင်လွယ်တဲ့ ထိတွေ့ဆက်ဆံမှုကို ဦးတည်လာသည့် အာဆီယံ
- အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် မြန်မာ၏ဆက်ဆံရေး လုံခြုံရေး ရှုထောင့်မှ သုံးသပ်ချက်
- ဘုံးသီးဖို့ကအရင် အရီးတော်ဖို့ကနောက်
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ PR နှင့် မြန်မာ့အနာဂတ်
- Principle (ခေါ်) စည်းမျဉ်းဥပဒေ လွှမ်းမိုးမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် မြန်မာနိုင်ငံ အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်၊

တစ်အုပ် (၅၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်၊

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ အကွက်အမှတ် (၈၃-ခ)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ် (၈၁-ဆ)၊ မြေဧရိယာ ၀.၁၁၃ ဧက ရှိ မြို့မြေ (B) သည် ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ် (၃၄/စီ)နေ ဦးမျိုးရွှေ (ခ)ဦးမျိုးဆွေ၊ ကင်အန်း(ခ)ဒေါ်ရင်ရင်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာပြီး တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ် အခြေခံ၍ တွက်ချက်မှုအရ မေ ၂၅ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၆၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

### ကန့်ကွက်နိုင်ပါကြောင်း

